ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်၊ တနင်္ဂနွေနေ့၊ (7-5-2006) (၄၉၅၀)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မော်လိုက်–ကလေးဝလမ်းကို ရာသီမရွေး သွားလာနိုင်ရေးအတွက် မိုးကာလမရောက်မီဆောင်ရွက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မော်လိုက်–ကလေးဝ လမ်းတံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေးမှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မော်လိုက်–ကလေးဝလမ်း မြေသားတမံ တည်ဆောက်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(အပေါ်ပုံ) (သတင်းစဉ်)

ရန်ကုန် မေ ၆

စစ်ကိုင်းတိုင်း မော်လိုက်မြို့သို့ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဦးလွင်တို့ လိုက်ပါလျက် မေ ၃ ရက် နံနက် ၆ နာရီခွဲတွင် မော်လိုက်တပ်နယ် အောင်ဇေယျခန်းမ၌ မော်လိုက်တပ်နယ်အတွင်းရှိ တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည် မိသားစုများအား တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် အောင်မြင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ စံနမူနာပြအောင်မြင်အောင်ဆောင်ရွက်ရေး၊ ရော်ဘာနှင့် ကြက်ဆူပင်များ စိုက်ပျိုးရေးတို့ကို ရှင်းလင်းမှာကြားပြီး အရာရှိ၊ စစ်သည် မိသားစုများအား နှုတ်ဆက်အားပေးသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✻

ကြေးမုံ The Mirror အင်တာနက်သတင်းများ

ပေကျင်းတွင် မိုးတုရွာအောင် ဖန်တီးနိုင်ခဲ့

ပေကျင်း မေ ၆

တရုတ်နိုင်ငံ ပေကျင်းမြို့တော်ဒေသတွင် မိုးခေါင်လျက်ရှိရာ သဲမုန်တိုင်းကြောင့် ဖုန်ထူလျက်ရှိသည်ကို ပညာရှင်များက မေ ၄ ရက်တွင် မိုးတုရွာအောင် ဖန်တီးပေးလိုက်သည့်အတွက် ယခုအခါ မိုးခေါင်သည့်ဒဏ်နှင့် ဖုန်ထူသည့်ဒုက္ခမှ သက်သာရာရခဲ့ကြောင်း သတင်းများက ဖော်ပြသည်။

မိုးအတုဖန်တီးရန်အတွက် ငွေအိုင်အိုဒိုက်ခေါ် ဓာတုဓာတ်ဆားပစ္စည်းများကို သယ်ဆောင်သွားသော ဒုံးကျည်နှစ်စင်းကို တိမ်တိုက်များအတွင်းသို့ ပစ်လွှတ်ခဲ့ရသည်။ ငွေအိုင်အိုဒိုက် အတောင့် ၁၆၃ တောင့် တိမ်တိုက်များအတွင်း ရောက်ရှိသွားကာ ဓာတုဖြစ်စဉ်များ ပြောင်းလဲသွားမှုကြောင့် ကြာသပတေးနေ့နှောင်းပိုင်းတွင် မိုးတုရွာသွန်းလာခြင်းဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ●

ပေကျင်းတွင် မိုးတုရွာနေစဉ် လူအများ သွားလာနေကြသည်ကို မေ ၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၇-၅-၂၀၀၆
(တနင်္ဂနွေနေ့)

သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ပြည်သူအားလုံး လက်တွဲညီညီဆောင်ရွက်

ကမ္ဘာ့ပတ်ဝန်းကျင်ရှိ လေထုနှင့် ရေထုတို့သည် သက်ရှိများ အသက်ရှင်ရပ်တည်နိုင်ရေးအတွက် မရှိမဖြစ်လိုအပ်ချက် ဖြစ်သည်။ သို့သော် လေနှင့်ရေများ လိုအပ်သည်ထက် ပိုမိုရရှိလာလျှင် သက်ရှိများအတွက် အန္တရာယ်ဖြစ်ပေါ်လာစေနိုင်သည်။

သက်ရှိသတ္တဝါအားလုံးသည် လေကိုရှူရှိုက်၍ အသက်ရှင်နေကြရသော်လည်း လေပြင်းမုန်တိုင်းများ ပြင်းထန်စွာ တိုက်ခတ်လာသည့်အခါတွင် လူသားများအတွက် ဘေးအန္တရာယ်နှင့် ကြုံတွေ့ကြရလေ့ရှိသည်။ သစ်ပင်ကြီးများပြိုလဲခြင်း၊ အဆောက်အအုံများ ပြိုကျပျက်စီးခြင်းများ ဖြစ်ပေါ်တတ်သည်။

အလားတူ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် မြေပြိုခြင်း၊ မြစ်ချောင်းများ ရေကြီးခြင်း၊ ထူးကဲဒီရေ တက်ခြင်း၊ မြို့ရွာပတ်ဝန်းကျင် ရေလွှမ်းမိုးခြင်းများဖြစ်ပေါ်ကာ ရေဘေးအန္တရာယ်နှင့် တွေ့ကြုံကြရသည်။

ကမ္ဘာပေါ်ရှိ အချို့အရပ်ဒေသများတွင် မိုးခေါင်ရေရှားမှုကြောင့် သက်ရှိများအတွက် သောက်သုံးရေပြတ်လပ်ကာ လူများ၊ တိရစ္ဆာန်များ ရောဂါဘယဖြစ်ပွား သေဆုံးကြရသကဲ့သို့ သစ်တောသစ်ပင်များ သေကျေပျက်စီးခြင်း၊ တောမီးလောင်ခြင်း၊ စိုက်ပျိုးသီးနှံများအတွက် ရေမရရှိ၍ သီးနှံမဖြစ်ထွန်းခြင်းများနှင့်လည်း ကြုံတွေ့နေကြရသည်။

ထို့အပြင် သဘာဝပတ်ဝန်းကျင်အရည်အသွေး ယိုယွင်းပျက်စီးလာမှု အကျိုးဆက်များကြောင့် မိုးလေဝသ၊ ရာသီဥတုနှင့် ရေ၊ လေ တို့၏ သဘာဝကျကျ မြန်မြန်ဆန်ဆန် အပြန်အလှန် ထိန်းညှိပြောင်းလဲမှု ဖြစ်စဉ်များအရ အချိန်အခါမဟုတ် မိုးထစ်ချုန်းရွာသွန်းခြင်း၊ ရာသီဥတုပြင်းထန်စွာ ဖောက်ပြန်ခြင်း၊ ရေကြီးခြင်း၊ ပုံမှန်မဟုတ်သည့် မုန်တိုင်းကြီးများ ဖြစ်ပေါ်ခြင်းတို့ကိုလည်း ကမ္ဘာ့မြေပြင်အနှံ့အပြား၌ တွေ့ကြုံနေရလျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် မိုးရာသီ၌ ရေကြီးမှု၊ လေပြင်းတိုက်ခတ်မှုစသော သဘာဝဘေးအန္တရာယ်တို့ကို ဒေသအလိုက် အနည်းနှင့်အများ အထိုက်အလျောက် တွေ့ကြုံရင်ဆိုင်ခဲ့ရလေ့ရှိရာ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ် ရေးလုပ်ငန်းသည် လူထုလှုပ်ရှားမှုဖြင့် ဝိုင်းဝန်းဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်သည်။

ယခုနှစ် ဧပြီလ ၂၈ ရက်နှင့် ၂၉ ရက်နေ့တို့က အလွန်အင်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းကြီးတစ်ခုသည် ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့ကို ဖြတ်သန်းသွားခဲ့ရာ မုန်တိုင်းရွေ့လျားရာ လမ်းကြောင်းတစ်လျှောက်၌ တစ်နာရီမိုင် ၈၀ မှ တစ်နာရီမိုင် ၁၂၀ အထိ လေပြင်းများနှင့် တစ်နာရီ မိုင် ၂၀၀ ခန့် ပြင်းထန်သည့် လေဆင်နှာမောင်းတစ်ခု တိုက်ခတ်သွားသောကြောင့် စက်ရုံ၊ အလုပ်ရုံ၊ လူနေအဆောက်အအုံများ ပျက်စီးခဲ့ရသည်။

သို့သော် သက်ဆိုင်ရာဌာနများ၊ မြန်မာ့အသံ၊ ရုပ်မြင်သံကြားနှင့် သတင်းစာ စသည့်မီဒီယာများက အဆိုပါမုန်တိုင်းကြီး မကျရောက်မီ ငါးရက်ခန့်ကတည်းက ကြိုတင်သတိပေးနိုင်ခဲ့ခြင်း၊ မုန်တိုင်းဖြတ်သန်းမည့် နေရာအချိန်တို့ကို အနီးစပ်ဆုံး ခန့်မှန်းကြေညာပေးနိုင်ခဲ့ခြင်း၊ ဒေသ တာဝန်ခံများနှင့် ဌာနဆိုင်ရာများ၊ ပြည်သူများ ပူးပေါင်းဆောင်ရွက်နိုင် ခဲ့ခြင်းများကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု အနည်းဆုံးနှင့် တွေ့ကြုံခဲ့ကြရခြင်းဖြစ်သည်။

သို့ဖြစ်ရာ သက်ဆိုင်ရာ မြို့ရွာဒေသအသီးသီးမှ အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပြည်သူတစ်ရပ်လုံးက လေဘေး၊ ရေဘေး၊ မြေငလျင်၊ တောမီးလောင်မှုစသည့် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ မရှိစေရေးအတွက် အချိန်အခါရာသီအလိုက် လိုအပ်သည့်ကြိုတင်ပြင်ဆင် ကာကွယ်မှုလုပ်ငန်းများကို လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အဖျက်အမှောင့် ရန်မှန်သမျှ ပြည်သူနှင့်လက်တွဲပြီး တွန်းလှန်ချေမှုန်း အရေးကြုံလျှင် နိုင်ငံတော်ကာကွယ်ရေး တာဝန်များကိုပါ ထမ်းဆောင်နိုင်ရေး အသင့်ပြင်ဆင်

ရန်ကုန် 　 မေ 　 ၆

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ်(၅၅) သင်တန်းဆင်းပွဲအခမ်းအနားကို မေ ၅ ရက် နံနက် ၇ နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန စစ်ရေးပြကွင်း၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။



အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားသို့ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမြင့်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲရေးချုပ် ရဲမှူးချုပ် စိုးဝင်းမြင့်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန ကျောင်းအုပ်ကြီး ရဲမှူးချုပ်ခင်မောင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ် စီမံရေးနှင့်လေ့ကျင့်ရေးဌာန ညွှန်ကြားရေးမှူး ရဲမှူးကြီး ဝင်းခေါင်၊ မန္တလေးတိုင်းအတွင်းရှိ ပြည်ထဲရေးဝန်ကြီးဌာနအောက်မှ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား ဒုတိယ ရဲအုပ်လောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ချီတက်အလေးပြု

စစ်ရေးပြ အခမ်းအနားတွင် ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက ဒုတိယ ရဲအုပ်လောင်းများ၏ အလေးပြုခြင်းကိုခံယူ၍ တပ်ဖွဲ့များကိုစစ်ဆေးပြီး ဒုတိယ ရဲအုပ်လောင်း တပ်ခွဲများ၏ အနေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။

ထို့နောက် ဝန်ကြီးက အကောင်းဆုံးကျောင်းသားဆု၊ ဥပဒေထူးချွန်ဆုရကျောင်းသား အမှတ်(၁) ဒုတိယရဲအုပ်လောင်းလှဝင်း၊ စစ်ပညာထူးချွန်ဆုရကျောင်းသား အမှတ်(၁၇၅) ဒုတိယ ရဲအုပ်လောင်း ထင်အောင်ကျော်၊ သေနတ်ပစ်ထူးချွန်ဆုရကျောင်းသား အမှတ်(၇၆) ဒုတိယ ရဲအုပ်လောင်း တင်မိုးကျော်တို့အား ဆုများကို ချီးမြှင့်သည်။

ပြောကြား

ယင်းနောက် ဝန်ကြီးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ အဓိကရည်မှန်းချက်တာဝန်အပြင် နိုင်ငံတော် လုံခြုံရေး တာဝန်ကိုပါ တပ်မတော်နှင့် လက်တွဲပြီး ထမ်းဆောင်သွားကြရန်၊ အရေးကြုံလျှင် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကိုပါ ထမ်းဆောင်နိုင်ရေး အသင့်ပြင်ဆင်ထားကြရန်၊ ပြည်သူလူထု ပူးပေါင်း ပါဝင်သော ရဲလုပ်ငန်းစနစ် ထိရောက် အောင်မြင်ရေးအတွက် ပြည်သူအား စည်းရုံးပြီး ပြည်သူနှင့် တစ်သားတည်းကျအောင်

အင်းစိန်မြို့ အင်းစိန်ဈေးကြီးနှင့် လှပြင်ဈေးတို့က လစဉ်လှူဒါန်းသည့် အလှူငွေ ကျပ်နှစ်သိန်းကို အကျိုးတော်ဆောင် ဦးလှသန်းက အလှူရှင်များ၏ကိုယ်စား စိန်ရတနာ နာရေးကူညီမှုအသင်းသို့ မတ်လအတွက် လှူဒါန်းရာ အသင်းတွဲဖက်အတွင်းရေးမှူး(၁) ဦးသောင်းကြီးနှင့်အဖွဲ့က လက်ခံရယူစဉ်။
(က-ပ)

အမှာစကားပြောကြား

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန ဒုတိယ ရဲအုပ်လောင်း သင်တန်း အမှတ်စဉ်(၅၅) သင်တန်းဆင်းပွဲ အခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ပြုကျင့်နေထိုင်သွားရန်၊ လုံခြုံရေးသတိ၊ လုံခြုံရေးအသိဖြင့် အဖျက်အမှောင့် ရန်မှန်သမျှကို ပြည်သူနှင့် လက်တွဲပြီး တွန်းလှန်ချေမှုန်းသွားကြရန်၊ ပြည်သူတစ်ရပ်လုံး စည်းရုံးသိမ်းသွင်းပြီး ပြည်သူ့အင်အားကိုရအောင် ကြိုးပမ်းဆောင်ရွက်ကြရန်၊ သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာရပ်များ တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ ခေတ်၏တိုးတက်မှုကို အမီလိုက်ပြီး ကျော်လွှားနိုင်မည့် နည်းပညာအမြင်ရှိကြရန်၊ အုပ်ချုပ်ရေးတံတိုင်း၊ စည်းရုံးရေးတံတိုင်း၊ ဖွံ့ဖြိုးရေးတံတိုင်း စသည့် တံတိုင်းကြီး(၃)ရပ် တည်ဆောက်မှုကို ဆောင်ရွက်သွားကြရန်၊မွန်မြတ်မှန်ကန်သည့် စိတ်ဓာတ်မွေးမြူပြီး စည်းကမ်းအရာမှာ စံနမူနာပြဖြစ်အောင် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ကြရန်၊ ဖြောင့်မတ် ဖြူစင်သောစိတ်၊ ကောင်းမြတ်သော အကျင့်စာရိတ္တနှင့်မှန်ကန်သန့်ရှင်းသောကိုယ်ကျင့်တရားတို့ကို မွေးမြူကြရန်၊ နိုင်ငံတော်နှင့် လူမျိုးအပေါ် ထာဝရ သစ္စာစောင့်သိရန်၊ အဂတိတရား ကင်းရှင်းရေး ဆောင်ရွက်ကြရန်၊ နိုင်ငံတော် ဖွံ့ဖြိုးရေး လုပ်ငန်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို လမ်းညွှန်ချက်နှင့်အညီ တတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ပြည်သူ့ဘက်က ရပ်တည်သောရဲ၊ ပြည်သူကို ကူညီစောင့်ရှောက်အလုပ်အကျွေးပြုသောရဲ၊ ပြည်သူနှင့် တစ်သားတည်းဖြစ်သော ရဲတပ်ဖွဲ့ဝင်ကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်တို့ကို ပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၁၇၇ ဦးတို့ တက်ရောက်ခဲ့ကြသည်။
(သတင်းစဉ်)

မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း မဟာပဋ္ဌာန်းပူဇော်ပွဲ

ရန်ကုန် 　 မေ 　 ၆

မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း၏ ပဓာနနာယက ဆရာတော်ဖြစ်တော်မူသော မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံ ဘီဟာရ်ပြည်နယ် ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ မြန်မာကျောင်းဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အိန္ဒိယနိုင်ငံ ပရဒေသီ သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဗုဒ္ဓဂယာဆရာတော်၏ ဩဝါဒနှင့်အညီ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်၊ မြေနီကုန်း ကျောင်းလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း၏ သာသနာ့ဗိမာန်တော်ကြီး၌ အိန္ဒိယနိုင်ငံ တက္ကသိုလ်အသီးသီး၌ ပညာသင်ကြားခဲ့ကြသော တပည့် ဆရာတော်၊ သံဃာတော် အရှင်မြတ်များ ဦးဆောင်ဦးရွက်ပြုကာ ပထမအကြိမ် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ၁၃၆၈ခုနှစ် ကဆုန်လဆန်း ၁၂ရက်၊ မေ ၈ရက်(တနင်္လာနေ့)ညနေ ၅နာရီမှ(ကဆုန်လပြည့်နေ့) မေ ၁၁ရက်ကြာသပတေးနေ့ နံနက် ၆ နာရီအထိ ကျင်းပမည်ဖြစ်သည်။ (က-ပ)

ကမ္ဘာအနှံ့ကူညီရေး ကြက်ခြေနီက ဆောင်ရွက်ပေး

အောင်ကျော်ဆန်း (MRCS)

၂၀၀၆ ခုနှစ် မေလ ၈ ရက်နေ့သည် ကမ္ဘာ့ကြက်ခြေနီနေ့ ဖြစ်ပါသည်။ ကြက်ခြေနီရှေ့ဆောင် ပုဂ္ဂိုလ်ကြီး ဟင်နရီဒူးနန့်အား ဂုဏ်ပြုသည့်အနေဖြင့် လည်းကောင်း၊ လူမှုကရုဏာအဖွဲ့အစည်းများ ဖြစ်ကြသည့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့များ၊ အမျိုးသား ကြက်ခြေနီအသင်းများနှင့် ကြက်ခြေနီလှုပ်ရှားမှုများကို ကမ္ဘာ့လူသား အားလုံး အမှတ်တရရှိစေခြင်းငှာလည်းကောင်း ဟင်နရီဒူးနန့်မွေးနေ့ မေလ ၈ ရက်နေ့ကို ကမ္ဘာ့ ကြက်ခြေနီနေ့အဖြစ် သတ်မှတ်ကာ အထိမ်းအမှတ်အခမ်းအနားများကို ၁၉၄၈ ခုနှစ် မေလ ၈ ရက်နေ့မှ စတင်၍ ကမ္ဘာအနှံ့ကျင်းပခဲ့ပါသည်။

ကမ္ဘာပေါ်ရှိ လူမှုဒုက္ခကြုံတွေ့ခဲ့ရသူ သန်း ၂၂၀ ကျော်ကို အမျိုးသား ကြက်ခြေနီအသင်း ၁၈၃ သင်းရှိ ကြက်ခြေနီစေတနာ လုပ်အားရှင် ၉၇ သန်းကျော်တို့၏ စွမ်းဆောင်ရည်ဖြင့် ဘေးဒုက္ခအပေါင်းကို ကာကွယ် စောင့်ရှောက်နိုင်ခဲ့ခြင်းသည် ကြီးမားလေးနက်သော ဂုဏ်ယူစရာ ဖြစ်ပေသည်။ ကမ္ဘာ့ကြက်ခြေနီနေ့သည် သမိုင်းစဉ်ဆက် လူသား မျိုးနွယ်ဆက်များကို အကျိုးပြုလျက်ရှိကြသည့် ကြက်ခြေနီစေတနာ လုပ်အားရှင်များကို မြတ်နိုးဂုဏ်ပြုအပ်သည့် နေ့ထူးနေ့မြတ်တစ်နေ့ ဖြစ်သည်။ ဤနေ့တွင် မြန်မာနိုင်ငံ တစ်ဝန်းလုံးသာမက ကမ္ဘာတစ်ဝန်း လုံးမှ ကြက်ခြေနီစေတနာလုပ်အားရှင်များအားလုံး ပြုံးပျော်ရွှင်မြူး ကြည်နူးကြလေသည်။ မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင်မူ ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် စွမ်းရည်ပြိုင်ပွဲများ၊ ဂုဏ်ပြုဆုချီးမြှင့်ပွဲ၊ ကြက်ခြေနီ အသိပညာပြန့်ပွားရေး ဟောပြောဆွေးနွေးပွဲများ၊ ရှေးဦးပြုစုခြင်း နည်းပြ သင်တန်းများ၊ အခြေခံ အဆင့်မြင့်သင်တန်းများ၊ လူထုတွင်း ရှေးဦးပြုစုခြင်း (နည်းပြ/ဆင့်ပွား)သင်တန်းများ၊ ရေပြင်သက်ကယ် (နည်းပြ) သင်တန်း များ၊ အထိမ်းအမှတ်ပြပွဲများ၊ ကြက်ခြေနီလူမှုကရုဏာ လှုပ်ရှားမှုများ ပြုလုပ်ကြလေသည်။

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းအဖွဲ့ဝင် ၁၈၃ နိုင်ငံရှိ အမျိုးသားကြက်ခြေနီအသင်းများသည်လည်း လူသားအကျိုးပြု လူမှု ကရုဏာ လုပ်ငန်းများဖြင့် ကမ္ဘာ့ကြက်ခြေနီနေ့ကို ကြိုဆိုဂုဏ်ပြုကြသည်။ ယခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ဆောင်ပုဒ်မှာ **"ကမ္ဘာအနှံ့ကူညီရေး ကြက်ခြေနီကဆောင်ရွက်ပေး"** (UNIVERSAL ASSISTANCE THROUGH VOLUNTEERING) ဖြစ်ပါသည်။

ကမ္ဘာ့ကြက်ခြေနီနေ့ကို ရောက်လေတိုင်း **"ကြက်ခြေနီအစ ဟင်နရီဒူးနန့်၏ စာနာတတ်သော နှလုံးသားက"** ဟု ဆိုသော ဆောင်ပုဒ်ကို သွန်းဆိုရပါမည်။ ဟင်နရီဒူးနန့်ကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ကြွယ်ဝချမ်းသာသော လူမှုကရုဏာရှင်မိသားစုမှ ၁၈၂၈ ခုနှစ် မေလ ၈ ရက်နေ့တွင် မွေးဖွားခဲ့သည်။ ၁၈၅၉ ခုနှစ် အသက် (၃၁) နှစ်အရွယ်၌ ဥရောပတိုက်၌ အကြီးမားဆုံးသော စစ်ပွဲကြီးဖြစ်ပွားရာ ဆိုဖာရီနို စစ်မြေပြင်သို့ အမှတ်မထင် ဖြတ်သန်းမိလေသည်။ လူလေးသောင်းကျော် သေကျေဒဏ်ရာ ရသည့်ဖြစ်ရပ်ကို သနားညှာတာကရုဏာ စိတ်ပွားကာ ဆိုဖာရီနို ရွာသားများ၊ ဂက်စတီလီယုန်မြို့သားများကို စုစည်းလျက် ရှေးဦးပြုစုစောင့်ရှောက်ကြသည်။ ဤသို့ဖြင့် **"ရှေးဦးပြုစုခြင်းအစ ဆိုဖာရီနို စစ်မြေပြင်က"** ဟူ၍ သမိုင်းတွင်ခဲ့ပေသည်။ "ဒို့တစ်တွေ ညီအစ်ကိုတွေပါကွာ" ဆိုသည့် ဟင်နရီဒူးနန့်၏ ထိုစဉ်က ရင်တွင်း စကားသည်လည်း ကမ္ဘာ့လူသားတို့၏ နှလုံးသားတွင် ယနေ့ထက်တိုင်ပင် အရိပ်ထင်လျက်ရှိသည်။

သူ့တစ်သက်တွင် တစ်ကြိမ်တစ်ခါမျှ မတွေ့ခဲ့ဖူးသည့် ဒဏ်ရာရ စစ်သည်များကို ရန်သူမိတ်ဆွေမရွေး၊ လူမျိုးဘာသာမရွေး ပြုစုစောင့်ရှောက် ခဲ့သည်။ ယင်းအတွေ့အကြုံများကို ၁၈၆၂ ခုနှစ် **"ဆိုဖာရီနိုသတိရဖွယ်"** စာအုပ်တွင် ပြင်သစ်ဘာသာဖြင့် ရေးသားကာ ကမ္ဘာအနှံ့ ဖြန့်ဝေခဲ့သည်။ လူတို့၏ မတော်လောဘဝိသမတို့ကြောင့် စစ်ဟူသည် ဖြစ်ပွားရကြောင်း၊ စစ်ကြောင့် ပြင်းပြင်းထန်ထန်ဝေဒနာခံစားရသော လူသားများအပေါ် ခွဲခြားဆက်ဆံခြင်းမပြုဘဲ ညီတူညီမျှ ကရုဏာထားကာ ကူညီစောင့် ရှောက်သော ကယ်ဆယ်ရေးအဖွဲ့များ နိုင်ငံ အသီးသီးတွင် ဖွဲ့သင့်ကြောင်း ရည်ရွယ်ရေးသားသော ဟင်နရီဒူးနန့်၏ မြင့်မြတ်သော အကြံကောင်း တစ်ခု ကြောင့် ၁၈၆၃ ခုနှစ်တွင် ငါးဦးကော်မတီ (ယခု အပြည်ပြည် ဆိုင်ရာ ကြက်ခြေနီကော်မတီ)ကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ဖွဲ့စည်းနိုင်ခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီသည် ကြက်ခြေနီ လှုပ်ရှားမှု၏ အခြေခံမူ(၇)ချက်နှင့် ကိုက်ညီသော အမျိုးသားကြက်ခြေနီအသင်းများ ကို တရားဝင် အသိအမှတ်ပြုပေးသည်။ ယနေ့အထိ တရားဝင် အသိ အမှတ်ပြုပြီး အသင်းပေါင်း ၁၈၃ သင်းရှိသည်။ ကမ္ဘာပေါ်ရှိ ယင်းအမျိုးသား ကြက်ခြေနီအသင်းများကို စုပေါင်းပြီး ၁၉၁၉ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC) ယခင် (League of Red Cross Societies) ကို ဖွဲ့စည်းခဲ့သည်။ ၁၉၄၉ ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့တွင် ဂျီနီဗာအများ သဘောတူစာချုပ်များဖြစ်သည့် အပြည်ပြည်ဆိုင်ရာ လူမှုကရုဏာ ဥပဒေပေါ်ပေါက်ခဲ့သည်။ ယင်းဥပဒေကို ကမ္ဘာပေါ်ရှိနိုင်ငံပေါင်း ၁၉၂ နိုင်ငံက လက်မှတ်ရေးထိုးခဲ့ကြလေသည်။

ကြက်ခြေနီလှုပ်ရှားမှုဆိုသည်မှာလည်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ ကော်မတီ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီများအသင်း ဖက်ဒရေးရှင်း၊ အမျိုးသားကြက်ခြေနီအသင်းများ ပေါင်းစည်းကာ ကြက်ခြေနီ လှုပ်ရှားမှု၏ အခြေခံမူ(၇)ချက်နှင့်အညီ ဆောင်ရွက်သည့် လူမှုကရုဏာ လှုပ်ရှားမှုများကို ခေါ်ဆိုပါသည်။ **ကြက်ခြေနီလှုပ်ရှားမှု၏ အခြေခံမူ(၇)ချက် ဆိုသည်မှာလည်း လူမှုကရုဏာနှင့် စာနာထောက်ထားခြင်း၊ ခွဲခြားမှုမရှိခြင်း၊ ကြားနေခြင်း၊ လွတ်လပ်ခြင်း၊ စေတနာ့ဝန်ထမ်းအကျိုးဆောင်ခြင်း၊ စည်းလုံး ညီညွတ်ခြင်းနှင့် ကမ္ဘာတစ်ဝန်း ပျံ့နှံ့ခြင်းတို့ဖြစ်ပါသည်။** ယင်းအခြေခံမူ (၇)ချက်နှင့် လျော်ညီသော ဆောင်ရွက်မှုသည်သာ ကြက်ခြေနီ လှုပ်ရှားမှု ဖြစ်ပြီး ယင်းအခြေခံမူ(၇)ချက်နှင့် လှုပ်ရှားဆောင်ရွက်သူသာလျှင် စေတနာ လုပ်အားရှင်ဟု ခေါ်ဆိုနိုင်ပေသည်။

ကြက်ခြေနီစေတနာလုပ်အားရှင်ဆိုသည်မှာ အတ္တကိုယ်ကျိုး မမျှော် ကိုးဘဲ ဘေးအန္တရာယ်ကျရောက်နိုင်သူများနှင့် ဘေးဒုက္ခကျရောက်နေ သူများကို ကြက်ခြေနီလှုပ်ရှားမှု၏ အခြေခံမူ(၇)ချက်နှင့်အညီ နိုင်ငံ့ဥပဒေ ဘောင်အတွင်းမှ လူမှုကရုဏာလုပ်ငန်းများကို ဆောင်ရွက်ပေးသူဖြစ် ပါသည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်း ကြီး၏ ရည်ရွယ်ချက်လုပ်ငန်းစဉ် များ၊ မျှော်မှန်းချက်၊ လုပ်ဆောင်ချက်များ အောင်မြင်ရေးအတွက် အဓိက ဆောင်ရွက်နေကြသည့် စွမ်းပကားရှင်များမှာ ကြက်ခြေနီစေတနာ လုပ်အား ရှင်များ ဖြစ်ကြပါသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးသည် ၁၉၂၀ ပြည့်နှစ်တွင် အိန္ဒိယ ကြက်ခြေနီအသင်းခွဲအဖြစ် စတင်ပေါ်ထွန်းခဲ့သည်။ အိန္ဒိယ အုပ်ချုပ်မှုအောက်မှ ခွဲထွက်ခဲ့သည့် ၁၉၃၇ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းအဖြစ် သီးခြားရပ်တည်ခဲ့သည်။ ၁၉၃၉ ခုနှစ် ဧပြီလ ၂၀ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီက အမျိုးသားကြက်ခြေနီအသင်းအဖြစ် အသိအမှတ်ပြုခဲ့သည်။ အပြည်ပြည် ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်းသို့ ၁၉၄၆ ခုနှစ် မေလ ၂၃ ရက်နေ့တွင် ဝင်ရောက်ခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အက်ဥပဒေကိုပြဋ္ဌာန်းခဲ့ပြီး ၁၉၆၂ ခုနှစ်တွင် နည်း ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် ဂျီနီဗာအများသဘောတူ စာချုပ်လေးခုကို လက်မှတ်ရေးထိုးခဲ့သည်။

ဤသမိုင်းဖြစ်စဉ်များကို လေ့လာခြင်းဖြင့် မြန်မာနိုင်ငံကြက်ခြေနီ အသင်းကြီးသည် နိုင်ငံတကာ အမျိုးသားကြက်ခြေနီအသင်းများနှင့် ရင်ပေါင်တန်းကာ ကမ္ဘာ့ကြက်ခြေနီလှုပ်ရှားမှုများတွင် ပါဝင်လျက်ရှိ ကြောင်း၊ နိုင်ငံတော်ကဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းပေးသည်နှင့်အညီ လူသားအကျိုးပြု လူမှုကရုဏာလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင် ရွက်လျက်ရှိကြောင်း သိရှိနိုင်ပါသည်။ ၈၆ နှစ်တာကာလ တိုင်အောင် အစဉ်အလာကြီးမားသော လူမှုကရုဏာအဖွဲ့ကြီးအဖြစ် လူသားအကျိုး သယ်ပိုးလျက်ရှိကြောင်းလည်း တွေ့မြင်နိုင်ပေသည်။

အသင်းကြီး၏ ရည်ရွယ်ချက်မှာ ဆင်းရဲဒုက္ခနည်းပါးသက်သာစေရန် ဖြစ်သည်။ လုပ်ငန်းစဉ်သုံးရပ်မှာ ကျန်းမာရေးမြှင့်တင်ရန်၊ ရောဂါဘေး တားဆီးရန်၊ ဘေးဒုက္ခကျရောက်သူများအား ကူညီရန်တို့ဖြစ်သည်။ **မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီး၏ မျှော်မှန်းချက်မှာ "မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ ဘေးအန္တရာယ်ကျရောက် လွယ်သူနှင့် ဘေးဒုက္ခရောက်နေ သူများအတွက် အများပြည်သူတို့ကိုယ်တိုင် ပါဝင်ဆောင်ရွက်သည့် ကရုဏာလုပ်ငန်းများကို အချိန်အခါမရွေး လုပ်ဆောင်သော ထိပ်တန်း အဖွဲ့အစည်း ဖြစ်လာစေရန်" ဖြစ်ပေသည်။** ယင်းမွန်မြတ်သော မျှော်မှန်းချက်အတွက် လုပ်ဆောင်ချက်မှာ "မြန်မာနိုင်ငံကြက်ခြေနီ အသင်းသည် နိုင်ငံတစ်ဝန်းရှိ စေတနာလုပ်အားရှင်များ၏ စွမ်းပကားဖြင့် အန္တရာယ်ကျရောက်လွယ်သူများ၏ လူမှုအဖွဲ့အစည်းများအတွင်း၌ လည်းကောင်း၊ တစ်ဦးချင်းအတွက်လည်းကောင်း ကျန်းမာရေးမြှင့်တင် ရန်နှင့် ဘေးအန္တရာယ်ကင်းဝေးသော ပတ်ဝန်းကျင်ထူထောင်ရန် ကြိုးပမ်း ဆောင်ရွက်မည်။ ဘေးဒုက္ခကျရောက်ချိန်တွင် မြန်မာနိုင်ငံကြက်ခြေနီ အသင်းသည် ဘေးဒုက္ခကျရောက်နေသူများအား ၎င်းတို့၏ ပုံမှန်ဘဝ ပြန်လည်ရောက်ရှိစေရန် ကူညီဆောင်ရွက်မည်" ဟူ၍ ဖြစ်ပေသည်။ ယင်းမွန်မြတ်သော ရည်မှန်းချက်လုပ်ငန်းစဉ်များကို အခါမလင့် စွမ်းဆောင် နေသူများကား စေတနာလုပ်အားရှင်များပင်ဖြစ်ပေသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးမှ စေတနာလုပ်အားရှင်များ၏ ကိုယ်ကျိုးစွန့် အနစ်နာခံမှုနှင့် ထက်မြက်သောစွမ်းဆောင်ရည်များမှာ ပြည်တွင်းသာမက နိုင်ငံတကာတွင်ပါ ထည်ဝါဝင့်ကြွား ဂုဏ်ယူစရာ ဖြစ်ပါသည်။ ကမ္ဘာ့ကြက်ခြေနီအမြင့်ဆုံး ဟင်နရီဒူးနန့်ဆုတံဆိပ်ပိုင်ရှင် ကြက်ခြေနီတပ်ကြပ်ကြီး စိုင်းအောင်လှိုင်မြင့် (၁၉၇၇)သည်လည်းကောင်း၊ ဖလော်ရင့်နိုက်တင်ဂေးဆုပိုင်ရှင်များဖြစ်ကြသည့် သူနာပြုအုပ် ဆရာမကြီး ဗိုလ်မှူးဒေါ်ခင်အုန်းမြ(၁၉၆၃)၊ သူနာပြုဦးစီးအရာရှိ ဒေါ်အမ်ယောနမ် (၁၉၈၃)နှင့် သားဖွားဆရာမ ဒေါ်သိန်းရီ (၁၉၈၅) တို့သည်လည်းကောင်း ထင်ရှားသောသာဓကများဖြစ်ပါသည်။ ထိုကဲ့သို့ စွန့်လွှတ်စွန့်စား အနစ်နာခံကာ တာဝန်ထမ်းဆောင်ခဲ့၊ ထမ်းဆောင်လျက်ရှိသူ စေတနာ လုပ်အားရှင်များကား နိုင်ငံအဝန်း ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ကျေးလက် အသီးသီးတွင် များပြားလှပါသည်။ ထိုစေတနာလုပ်အားရှင်၊ လူမှုကရုဏာရှင်အပေါင်းကိုလည်း ကမ္ဘာ့ကြက်ခြေနီနေ့တွင် ဤဆောင်းပါး ဖြင့် အလေးအမြတ် ဂုဏ်ပြုအပ်ပါသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးကို "စွမ်းဆောင်ရည်မြင့်မားသော လူမှုကရုဏာအဖွဲ့အစည်းကြီးဖြစ်ရေး"အတွက် အစဉ်အလာကောင်း များကို ဆက်ခံ၍ စုစည်းညီညွတ်စွာ ရှေ့သို့ဆက်လက်ကြိုးပမ်း ဖော်ဆောင် သွားကြမည့် လူမှုကရုဏာမျိုးဆက်သစ် ကြက်ခြေနီစေတနာ လုပ်အားရှင် အပေါင်းတို့ကိုလည်း မြင့်မြတ်သည့်ကြက်ခြေနီတပ်ဖွဲ့ဝင်၊ စေတနာ လုပ်အားရှင်ဘဝတွင် ထူးချွန်သည့်အရည်အသွေး၊ ထက်မြက်သည့် စွမ်းဆောင်ရည်တို့ဖြင့် **"ကမ္ဘာအနှံ့ကူညီရေး ကြက်ခြေနီက ဆောင်ရွက်ပေး"** ဟူသည့် ဆောင်ပုဒ်နှင့်အညီ လူသားအကျိုးပြု ကြက်ခြေနီ လူမှုကရုဏာ လုပ်ငန်းများကို အောင်မြင်တိုးတက်စွာ ဆက်လက် ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။



ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ရတနာလမ်းနေ ဦးမြင့်ဟန်-ဒေါ်ရွှေတင် သားသမီးမြေးတစ်စုတို့က ဆွမ်းပဒေသာပင်နှင့်ဆေးပဒေသာပင် ငွေကျပ် ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၇-၅-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- ၇:၁၅ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ **ဆရာတော်ဦးယောသိတ တရားတော် -ပဋိစ္စသမုပ္ပါဒ်နှင့် ကမ္မဘဝရှင်းတမ်း**
- ၉:၁၀ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၉:၁၁ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၁၅ ၄။ မေးမြန်းစူးစမ်း
- ၁၂:၃၅ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၂:၅၀ ၆။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -အမှတ်တရ**
- ၁:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁:၅၉ ၈။ အပိတ်နှုတ်ဆက်စကား
- ၂:၀၀ ၉။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- ၄:၂၅ ၄။ မျိုးချစ်တပ်မတော်
- ၄:၄၅ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
- ၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၈။ နိုင်ငံတကာသတင်း
- ၆:၂၀ ၉။ မိုးလေဝသသတင်း
- ၆:၂၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၁။ အုံသြဖွယ်ရာဆပ်ကပ်ပညာ
- ၆:၄၀ ၁၂။ **မျှော်လင့်စောင့်စား ဂျာမနီကမ္ဘာ့ဖလား**
- ၆:၅၀ ၁၃။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -နန်းတွင်းရတနာ (အပိုင်း-၃၈)**
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ ကျန်းမာသုတ
- ၁၈။ ပဟေဠိနန်းတော်
- ၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပါရမီရှင်သိုင်းလုလင်(အပိုင်း-၃၈)**
- .... ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။

ကန်က အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ထားသည့်အဖွဲ့နှစ်ဖွဲ့ကို ပါကစ္စတန်က ပိတ်ပင်မည်မဟုတ်ဟု ပြောကြား

အစ္စလမ္မာဘတ် မေ ၅

အမေရိကန်နိုင်ငံက အကြမ်းဖက်အဖွဲ့ အစည်းဟုလွန်ခဲ့သည့် ရက်သတ္တပတ်က သတ်မှတ်ထားသည့် အစ္စလမ္မစ်ကုသိုလ်ဖြစ်အသင်း နှစ်သင်းကို ပိတ်ပင်ရန် အစီအစဉ်မရှိကြောင်း ပါကစ္စတန်က ပြောကြားကြောင်း ဒေလီတိုင်းမ်သတင်းစာက ဗုဒ္ဓဟူးနေ့က ရေးသားသည်။

ပိတ်ပင်

အမေရိကန်နိုင်ငံက ဂျာမာဂျုဒါဝါနှင့် အီဒါရာခစ်မက်-အီးခါလက် အဖွဲ့တို့သည် အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည်ဟုဆိုကာ ပိတ်ပင်ခဲ့သည်။ ယင်းအဖွဲ့များသည် ကက်ရှ်မီးယားတွင် အိန္ဒိယ အုပ်ချုပ်နေမှုအပေါ် ဆန့်ကျင်တိုက်ခိုက်နေသည့် စစ်သွေးကြွ အဖွဲ့အစည်းဖြစ်သည့် လက်ရှိကာအီးတိုင်ဘာ၏ တပ်ဦးအဖွဲ့များ ဖြစ်သည်ဟု ပြောကြားခဲ့သည်။

ရေးသား

ပါကစ္စတန်အစိုးရသည် အမေရိကန်အစိုးရ၏ ဆုံးဖြတ်ချက်ကို လိုက်နာရမည့် တာဝန်မရှိဟု ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး တက်စနင်အက်စ်လစ်၏ ပြောကြားချက်ကို ကိုးကား၍ ဒေလီတိုင်းစ် သတင်းစာက ရေးသားသည်။ အမေရိကန်နိုင်ငံ၏ ပြည်တွင်းဥပဒေအရ အရေးယူပါက ယင်းအဖွဲ့အစည်းများကို ပါကစ္စတန်အနေဖြင့် အကြမ်းဖက်စာရင်း ထည့်သွင်းရန် မလိုအပ်ကြောင်း၊ မည်သို့ပင်ဖြစ်စေကာမူ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ယင်းအဖွဲ့အစည်းများကို အကြမ်းဖက်အုပ်စုဟု သတ်မှတ်လာခဲ့လျှင်မူ အရေးယူဆောင်ရွက်ရမည့် တာဝန်ရှိလာမည်ဖြစ်သည်ဟု ၎င်းက ပြောကြားသွားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အိန္ဒိယနိုင်ငံတောင်ပိုင်း ချန်နိုင်း ပင်လယ်ဆိပ်ကမ်းတွင် ပြည်ပသို့ တင်ပို့မည့် မော်တော်ယာဉ်များကို မေ ၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် အကြမ်းဖက်တိုက်ခိုက်မှုများ မြင့်မားဆေးရုံသို့ နေ့စဉ် သေဆုံးသူ ၃၅ဦးမှ ၅၀အထိ ရောက်ရှိလာ

ဘဂ္ဂဒက် မေ ၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ ရင်ခွဲရုံသို့ နေ့စဉ် ပျမ်းမျှအားဖြင့် သေနတ်ဒဏ်ရာရထားသော အလောင်း ၃၅ လောင်းမှ ၅၀အထိ ရောက်ရှိလာလျက်ရှိကြောင်း ရင်ခွဲရုံ ဒုတိယညွှန်ကြားရေးမှူးက ကြာသပတေးနေ့တွင် ပြောကြားသည်။

သေဆုံးသူအများစုမှာ နိုင်ငံအတွင်း မငြိမ်မသက်ဖြစ်ပေါ်နေသော အခြေအနေ၊ ဂိုဏ်းဂဏအစွဲများကြောင့် သတ်ဖြတ်မှုအခြေအနေ စသည်တို့ကြောင့် အသက် ဆုံးကြရခြင်းဖြစ်သည်ဟု ဆိုသည်။

ဖေဖော်ဝါရီ ၂၂ ရက်နောက်ပိုင်းမှ စတင်၍ရှီးယိုက်လူမျိုးများ၏အဆောက်အအုံ ဗုံးဖောက်ခွဲ ခံခဲ့ရပြီးနောက် လက်စားချေ တုံ့ပြန်တိုက်ခိုက်မှုများ ပေါ်ပေါက်ခဲ့သည်။ထိုအချိန်မှစ၍ ဂိုဏ်းဂဏအကြမ်းဖက်တိုက်ခိုက်မှုများမြင့်မားလာခဲ့ရာ အီရတ်ပြည်တွင်းစစ် ဖြစ်လုနီးပါးအထိ ရောက်ရှိနေပြီ ဖြစ်သည်။

စွန့်ပစ်ထားသည့် အလောင်းအများစုသည် ကြိုးတုပ်ခံထားရပြီး နှိပ်စက်ညှဉ်းပန်းခံခဲ့ရသည့် လက္ခဏာ ရှိနေပြီး အကြမ်းဖက်ခံထားရသည့် သွင်ပြင်များ တွေ့နေရသည်။

အဆိုပါ ရင်ခွဲရုံသို့ ဇန်နဝါရီလအတွင်း ၁၀၆၈ လောင်း ဖေဖော်ဝါရီလတွင် အလောင်း ၁၁၁၀၊ မတ်လတွင်း ၁၂၉၄ လောင်း၊ ဧပြီလတွင်၁၁၁၅ လောင်း လက်ခံရရှိခဲ့သည်။ ၉၀ ရာခိုင်နှုန်းသော အလောင်းများမှာ သေနတ်ပစ်ခံရသည့် အလောင်းများဖြစ်ကြောင်း ဆရာဝန်ဂက်ဆန်က ပြောကြားသည်။

အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံအတွင်း ကျူးကျော်တိုက်ခိုက်မှုမပြုမီက တစ်နေ့လျှင် အလောင်း ခုနစ်လောင်းမှ ၁၀ လောင်းအတွင်းသာ ပျမ်းမျှအားဖြင့် ရင်ခွဲရုံသို့ ရောက်ရှိခဲ့သည်ဟု ၎င်းကပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ပြင်သစ်နိုင်ငံ ရန်ဒေးလ်ကျွန်းတွင် တင်ဆက်ပြသနေသည့် ဆပ်ကပ်အဖွဲ့၏ ပြကွက်တစ်ကွက်ကို မေ ၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂျာမန်အင်ဂျင်နီယာနှစ်ဦး လွတ်မြောက်ရေး အစိုးရက ပြန်ပေးသမားများသို့ ငွေပေးခဲ့ရဟုဆို

ဘာလင် မေ ၅

အီရတ်နိုင်ငံတွင် ဓားစာခံအဖြစ် သုံးလကျော် အဖမ်းခံထားရသည့် ဂျာမန်အင်ဂျင်နီယာနှစ်ဦး ပြန်လည်လွတ်မြောက်စေရေးအတွက် ပြန်ပေးသမားများကို ဂျာမနီအစိုးရက ငွေအများအပြား ပေးခဲ့ရသည်ဟု ယုံကြည်ရကြောင်း ဂျာမနီနိုင်ငံဆိုင်ရာ အီရတ်သံအမတ်ကြီးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

ပြန်ပေးသမားများသို့ ငွေမည်မျှပေးရသည်ကို မိမိမသိရှိကြောင်း၊ သို့ရာတွင် ငွေအများအပြား ပေးရမည်ဟု မိမိထင်မြင်ကြောင်း ဂျာမနီဆိုင်ရာ အီရတ်သံအမတ်ကြီး အယ်လ်-ဟာရှီမီက နိုင်ငံတော် ရုပ်မြင်သံကြားဌာနသို့ ပြောကြားသည်။

ရောက်ရှိမည်

၎င်းဂျာမန်အင်ဂျင်နီယာနှစ်ဦးသည် ဘာလင်မြို့ တီဂျယ်လေဆိပ်သို့ ဗုဒ္ဓဟူးနေ့ညနေပိုင်းတွင် ရောက်ရှိမည် ဖြစ်သည်။ သို့ရာတွင် ရက်ပေါင်း ၁၀၀ နီးပါး အဖမ်းခံထားရပြီးနောက် ၎င်းတို့၏ အခြေအနေနှင့် စပ်လျဉ်း၍ ဂျာမန်တာဝန်ရှိပုဂ္ဂိုလ်များက ရေငုံနှုတ်ပိတ်လျက်ရှိသည်။

လွတ်မြောက်

ဂျာမန်ရှေးဟောင်းပစ္စည်း လေ့လာဖော်ထုတ်ရေးပညာရှင် အမျိုးသမီး ဆူဆန်နီအော့စ်သော့ဖ်သည် အီရတ်တွင် ရက်သတ္တသုံးပတ်ကြာ ဓားစာခံအဖြစ် အဖမ်းခံခဲ့ရပြီးနောက် ၂၀၀၅ခုနှစ် ဒီဇင်ဘာလတွင် ပြန်လည်လွတ်မြောက်လာခဲ့သည်။ ၎င်းအမျိုးသမီးပြန်လည်လွတ်မြောက်လာရေးအတွက် ဂျာမန်အစိုးရက ပြန်ပေးသမားများသို့ အမေရိကန်ဒေါ်လာ ငါးသန်းပေးခဲ့ရသည်ဟု အမည်မဖော်လိုသည့် သံတမန် များကို ကိုးကား၍ဂျာမန်မီဒီယာသတင်းများက ဖော်ပြခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

၁၈၆၂ ခုနှစ်က ကျူးကျော်သူ ပြင်သစ်များအား ဒေသခံ အင်ဒီးယန်းများက အနိုင်ရလိုက်သည့် အထိမ်းအမှတ် အခမ်းအနားကို မေ ၅ ရက်က မက္ကဆီကိုစီးတီး၌ ကျင်းပစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ခရီးသွားလာရေးလုပ်ငန်း တိုးတက်ရန် ဂရိ မျှော်မှန်း

အေသင် မေ ၅

ဥရောပနိုင်ငံများအနက် ဂရိနိုင်ငံသည် ယခုနှစ်တွင် ကမ္ဘာ့လှည့်ခရီးသွားကဏ္ဍနှင့် အားလပ်ရက် အပန်းဖြေခရီးသွားလုပ်ငန်းတို့တွင် တိုးတက်လာမည့် နိုင်ငံတစ်နိုင်ငံ ဖြစ်လာနိုင်ကြောင်း ဂရိဝန်ကြီးချုပ် ကော့စ်တက်စ်ကာရာမန်လစ်က မေ ၃ ရက်တွင် ပြောကြားသည်။

တစ်နှစ်တာ ကာလပတ်လုံး ဂရိနိုင်ငံသို့ ကမ္ဘာလှည့် ခရီးသွားလာရေး ဆောင်ရွက်နိုင်ရန် ခရီးသွားလာရေးလုပ်ငန်းဌာနက အရည်အသွေး ပြည့်ဝစွာ ကူညီဆောင်ရွက်လျက်ရှိကြောင်း၊ ခရီးသွားလုပ်ငန်းတွင် ဂရိနိုင်ငံသည် အတွေ့အကြုံ များစွာရှိကြောင်း၊ ထို့အပြင်ခရီးသွားလာရေးလုပ်ငန်း ဆောင်ရွက်သူများသည် ဂရိနိုင်ငံသို့ ဦးတည်လည်ပတ်ရန် ဆောင်ရွက်လျက်ရှိကြောင်း ဂရိခရီးသွားလာရေးလုပ်ငန်းအဖွဲ့ ပုံမှန်အစည်းအဝေး၌ ကာရာမန်လက်စ်က ပြောဆိုခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ပီရူးမှသဘာဝဓာတ်ငွေ့ မက္ကဆီကို ဝယ်ယူမည်

မက္ကဆီကိုစီးတီး မေ ၅

မက္ကဆီကိုနိုင်ငံ၏ ဓာတ်ငွေ့ဝယ်ယူရေးလေလံပွဲတွင် ဘိုလီးဗီးယားနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်မှုမရှိလျှင် မက္ကဆီကိုအစိုးရသည် သဘာဝဓာတ်ငွေ့ကို ပီရူးနိုင်ငံမှ ဝယ်ယူမည်ဖြစ်ကြောင်း မက္ကဆီကိုစွမ်းအင်ဝန်ကြီး ကာနာလက်စ်ကလာရွက်ဒ်က မေ ၃ ရက်တွင် ပြောကြားခဲ့သည်။

မေလကုန်ပိုင်းတွင် ဓာတ်ငွေ့လေလံပွဲအတွက် မက္ကဆီကိုလျှပ်စစ်ကုမ္ပဏီအဖွဲ့က ဖိတ်ကြားမှုများကို ပြုလုပ်မည်ဖြစ်ကြောင်း ၎င်းက ပြောဆိုခဲ့သည်။

မက္ကဆီကို၏ သဘာဝဓာတ်ငွေ့လေလံပွဲတွင် ပီရူးနိုင်ငံအနိုင်ရရှိဖွယ်အခြေအနေများရှိကြောင်း ၎င်းက သတင်းထောက်များကို ပြောကြားခဲ့သည်။

ဘိုလီးဗီးယားနိုင်ငံမှ မက္ကဆီကိုနိုင်ငံသို့ သဘာဝဓာတ်ငွေ့ရောင်းချရန် ယခုအချိန်အထိ အသင့်အနေအထားမရှိသေးကြောင်း၊ ထို့အပြင် ဓာတ်ငွေ့ ဝယ်ယူရန်အတွက် ဩစတြေးလျ၊ အင်ဒိုနီးရှားနှင့် ရုရှားနိုင်ငံတို့ကိုလည်း ကမ်းလှမ်းထားကြောင်း ကလာရွက်ဒ်ကဆိုသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***



အာဖဂန်နစ္စတန်တွင် ဗုံးပေါက်ကွဲသဖြင့် အီတလီတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး

ရောမ မေ ၆

အီတလီတပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသည့် ကင်းလှည့်ယာဉ်သည် အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့တော် အရှေ့တောင်ပိုင်းဒေသရှိ လမ်းတစ်လျှောက် မောင်းနှင်လာစဉ် လမ်းဘေးဗုံးပေါက်ကွဲသဖြင့် အီတလီ တပ်ဖွဲ့ဝင် နှစ်ဦးသောကြာနေ့က သေဆုံးသွားကြောင်း အီတလီမှ အန်ဆာသတင်းဌာနက ဖော်ပြသည်။

၎င်းတပ်ဖွဲ့ဝင်နှစ်ဦးတို့သည် ဗိုလ်အဆင့်ရှိသူ မင်နူရယ်ဖီအိုရီတိုနှင့် အရာခံဗိုလ်လူကာ ပိုစီနယ်လီတို့ဖြစ်ပြီး ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိပြီး သေဆုံးခဲ့ရခြင်းဖြစ်သည်။

ယင်းပေါက်ကွဲမှုကြောင့် တပ်ဖွဲ့ဝင်လေးဦးတို့လည်း ဒဏ်ရာအနည်းငယ်စီရရှိခဲ့သည်။

ကင်းလှည့်ယာဉ် သံချပ်ကာကားနှစ်စီး ဖြတ်သန်းသွားလာစဉ် ပေါက်ကွဲခဲ့သည့် ဗုံးသည် မြေမြှုပ်မိုင်း၊ သို့တည်းမဟုတ် အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲသည့် အိမ်လုပ်ဗုံး ဟုတ်၊ မဟုတ် ရုတ်ခြည်းအားဖြင့် မသိရသေးပေ။

အာဖဂန်နစ္စတန် အနောက်မြောက်ပိုင်းရှိ ဟာရက်မြို့တွင် အီတလီနိုင်ငံသား ဆောက်လုပ်ရေးအဖွဲ့ အသုံးပြုနေသည့် စခန်းအပြင်ဘက်တွင် အသေခံဗုံးဖောက်ခွဲမှု ဖြစ်ပွားပြီးသည့်နောက် သောကြာနေ့တွင် ဖော်ပြပါ တိုက်ခိုက်မှုထပ်မံပေါ်ပေါက်ခြင်းဖြစ်သည်။ အာဖဂန်နစ္စတန်နိုင်ငံတွင် အီတလီတပ်ဖွဲ့ဝင် ၁၄၀၀ ဖြန့်ကြက်ချထားပြီး ကဘူးမြို့တော်တွင် တပ်ဖွဲ့ဝင် ၁၀၀၀ နှင့် ကျန်တပ်ဖွဲ့ဝင်များကို ဟာရက်မြို့တွင် ဖြန့်ကြက်ချထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။



အမေရိကန်နိုင်ငံ နယူးယောက်မြို့ လင်ကွန်းစင်တာတွင် မျက်လှည့်ပညာရှင်ဒေးဗစ်ဘလိန်းက ရေဖြည့်ထားသော ဖန်လုံးအတွင်း ခုနစ်ရက်ကြာနေထိုင်ကာ စွမ်းရည်ပြသနေသည်ကို မေ ၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှားရှိ မီးတောင်ချော်ရည်များစီးဆင်း၊ အချိန်မရွေးပေါက်ကွဲနိုင်ဟုဆို

ဂျကာတာ မေ ၅

အင်ဒိုနီးရှားနိုင်ငံရှိ မီရာပီမီးတောင်မှ ချော်ရည်များ ကြာသပတေးနေ့က စီးဆင်းခဲ့ကြောင်း၊ သို့ရာတွင် မီးတောင်ဆင်ခြေလျှောနေရာများမှ အတန်ငယ်ဝေးကွာသည့်နေရာများအရောက်၌ ချော်ရည်စီးမှုရပ်ဆိုင်းသွားခဲ့ကြောင်း မီးတောင်ပညာရှင်များက ပြောကြားသည်။

ပစိဖိတ် ဒေသအတွင်းရှိသည့် အန္တရာယ်များသော မီးတောင်အားလုံးတွင် ဂမ်နမ်မီရာပီ မီးတောင်သည် အန္တရာယ်အရှိဆုံးသောမီးတောင်တစ်လုံးဖြစ်ပြီး မြည်ဟိန်းနေသည်မှာ ရက်သတ္တပတ်များစွာ ကြာနေပြီဖြစ်သည်။ အဆိုပါ မီးတောင်သည် အချိန်မရွေး ပေါက်ကွဲနိုင်သည်ဟု မီးတောင်ပညာရှင်များက ပြောကြားကြသည်။

သို့ရာတွင် အာဏာပိုင်များက အန္တရာယ်ရှိကြောင်း သတိပေးချက်အဆင့်ကို နှစ်မှတ်တစ်သို့ ပြောင်းလဲသတ်မှတ်ခြင်းမရှိသေးပေ။ ယင်းအမှတ်တစ်အဆင့်သတ်မှတ်လိုက်ပြီဆိုပါက မီးတောင်အောက်ခြေဘက်နေပြည်သူများ ချက်ချင်းပြောင်းရွှေ့ရန်လိုအပ်သည့်အဆင့်ဖြစ်သည်။မီးတောင်မှ ချော်ရည်များသည် နံနက် ၂နာရီမှ စတင်ကာ မီးတောင်ထိပ်ဝမှ စီးကျလျက်ရှိကာ မီတာ ၂၀၀ အနက်ရှိ ချိုင့်အတွင်းသို့ စီးကျနေဆဲဖြစ်ကြောင်း မီးတောင်လေ့လာသူပညာရှင် ဆာပါရီ ဒဝိယိုနိုက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

တောင်ကိုရီးယားနိုင်ငံ၌ ပျားမွေးမြူရေးသမားတစ်ဦး၏ ကိုယ်ပေါ်တွင် ပျားများစွဲနေသည်ကို မေ ၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘိုလီးဗီးယားနိုင်ငံ၏ ဓာတ်ငွေ့သိုလှောင်ရေး စခန်းများတွင် လုံခြုံရေး ဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များကို မေ ၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကြက်ငှက်တုပ်ကွေး ကာကွယ်ရေးအစီအစဉ်များ ဖော်ဆောင်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ တိုက်တွန်း

ဂျကာတာ မေ ၅

ကြက်ငှက်တုပ်ကွေးကူးစက်ပျံ့နှံ့မှု တားဆီးကာကွယ်နိုင်ရေးအတွက် အင်ဒိုနီးရှားနှင့် ယင်း၏ အိမ်နီးချင်းနိုင်ငံများအနေဖြင့် အမြန်လုပ်ကိုင်ဆောင်ရွက်ကြရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို)က တိုက်တွန်းနှိုးဆော်ကြောင်း ဒေသခံ သတင်းစာတစ်စောင်က ဗုဒ္ဓဟူးနေ့တွင် ရေးသားဖော်ပြလိုက်သည်။

ဂျပန်နိုင်ငံ တိုကျိုမြို့ သယ်ယူပို့ဆောင်ရေး ပြတိုက်တွင် ပြသထားသော ကျည်ဆန်ရထားတစ်စင်းကို မေ ၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကြက်ငှက်တုပ်ကွေး ထိန်းချုပ်ရေးအစီအစဉ်များတွင် အိပ်ချ်ဖိုက်အင်ဝမ်းဗိုင်းရပ်တိုက်ဖျက်ရေး ဆေးဝါးများ ကျယ်ကျယ်ပြန့်ပြန့် တိုက်ကျွေးရေး၊ ရောဂါဖြစ်ပွားသူများကို သီးခြားခွဲထားရေး၊ ခရီးသွားလာမှု ကန့်သတ်မှုများပြုလုပ်ရေးနှင့် ကျောင်းများပိတ်ထားရေး အစရှိသည်တို့ပါဝင်သည်ဟု ဒဗလျူအိပ်ချ်အိုဒေသဆိုင်ရာ ညွှန်ကြားရေးမှူး ရှိဂါရူအိုမိက ပြောကြားကြောင်း ဂျကာတာပို့စ်သတင်းစာက ရေးသားသည်။

ကြက်ငှက်တုပ်ကွေးရောဂါ အမြန်ထိန်းချုပ်နိုင်ရေးအတွက် ဖော်ပြပါ အစီအစဉ်များချမှတ်ဖော်ဆောင် ခြင်းဖြင့် ကူးစက်မှုရပ်တန့်သို့တည်းမဟုတ် နှောင့်နှေးသွားနိုင်သည်ဟု အိုမိတာက ဆက်လက်ပြောကြားသည်။ သို့ရာတွင် ယင်းအစီအစဉ်များ ဖော်ဆောင်ရန် ပျက်ကွက်ခဲ့ပါက လူမှုအဖွဲ့အစည်းများ၊ စီးပွားရေးနှင့် ကမ္ဘာတစ်ဝန်းရှိ ကျန်းမာရေးကဏ္ဍများအတွက် ပေါ်ပေါက်လာမည့် အကျိုးဆက်များမှာ တွက်ဆ၍မရနိုင်သည့် အတိုင်းအတာအထိ ရောက်ရှိလာနိုင်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဖိလစ်ပိုင်တောင်ပိုင်း၌ တုပ်ကွေးရောဂါဖြစ်ပွား

မနီလာ မေ ၅

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မာဂန်ဒါနာအိုဒေသ ဝေးလံသီခေါင်သောရွာ၌ တုပ်ကွေးရောဂါ ဖြစ်ပွားနေကြောင်း၊ အဆိုပါရောဂါကြောင့် မေ၃ ရက်တွင် အသက်ကိုးနှစ်အရွယ် မိန်းကလေးတစ်ဦး သေဆုံးခဲ့ပြီး ခုနစ်ဦးကို ဆေးရုံတင်ထားရကြောင်း တာဝန်ရှိသူများက မေ ၄ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါရွာတွင် ပိုးသတ်ဆေးများ စောစီးစွာ ကြိုတင်ပက်ဖျန်းခဲ့လျှင် ခြင်ပေါက်ပွားမှုကို ကြိုတင်ကာကွယ်နိုင်ကြောင်း၊ ဘာရန်ဂေးရွာဥက္ကဋ္ဌ မာရီတက်စဖာနန်ဒက်ဇ်က တာဝန်ရှိသူများကို ပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။



တူရကီ ကမ်းလွန်တွင်လှေမှောက်၊ တစ်ဦးသေဆုံး

အန်ကာရာ မေ ၃

တူရကီနိုင်ငံ ပင်လယ်ကမ်းရိုးတန်းအလွန် အေဂျီယန်ပင်လယ်ပြင်၌ အင်္ဂါနေ့တွင် လှေမှောက်သဖြင့် တရားမဝင် ဝင်ရောက်ရန် ကြိုးပမ်းသူတစ်ဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံး လျက်ရှိကြောင်း အနာတိုလီယာ သတင်းဌာနက ဖော်ပြသည်။

ဆိုမာလီယာနှင့် မော်ရီတေးနီး ယားနိုင်ငံတို့မှ တရားမဝင် ဝင်ရောက်လာသူ ၁၀ဦးကို တင်ဆောင်လာသည့် အဆိုပါလှေသည် တူရကီနိုင်ငံ အနောက်တောင်ပိုင်း အေဒင်ပြည်နယ် ကူဆာဒါဆီမြို့မှ ဂရိနိုင်ငံ ဆာမော့စ်ကျွန်းသို့ ထွက်ခွာလာရာ ကူဆာဒါဆီမြို့အလွန်တွင် နစ်မြုပ်ခြင်းဖြစ်ကြောင်းကို သတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ပြည်သူများ အသိပညာ ပိုမိုပွင့်လင်းအောင် နယ်လှည့်စာကြည့်တိုက်များ၊ ဟောပြောပွဲများ ပြုလုပ်ပေးရန်လို ပြန်ကြားရေးဝန်ထမ်းများအနေဖြင့် မီဒီယာနည်းဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေး အင်တိုက်အားတိုက် ပါဝင်

ရန်ကုန် မေ ၆

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့သည် မေ ၂ ရက် မွန်းလွဲ ၂နာရီတွင် လားရှိုးမြို့ရှိ ရွှေလီရတနာခန်းမ၌ ရှမ်းပြည်နယ်(မြောက်ပိုင်း) မှ ပြန်ကြားရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ အမှာစကား ပြောကြားကြသည်။

ရှေးဦးစွာ လားရှိုးခရိုင်၊ မူဆယ်ခရိုင်၊ကျောက်မဲခရိုင်နှင့် ကွမ်းလုံခရိုင်တို့မှ ဦးစီးအရာရှိများ၊ သိန္နီမြို့နယ်၊ တန့်ယန်းမြို့နယ်၊ မိုင်းရယ်မြို့နယ်၊ နမ့်ခမ်းမြို့နယ်၊ ကွတ်ခိုင်မြို့နယ်၊ မုံးကိုး၊ မန်ဟီးရီး၊ တာမိုးညဲနှင့် နောင်ချိုမြို့နယ်၊သီပေါမြို့နယ်၊ နမ္မတူမြို့နယ်၊ နမ့်ဆန်မြို့နယ်၊မိုးမိတ်မြို့နယ်၊ မဘိမ်းမြို့နယ်၊ မန်တုံမြို့နယ်၊ ကုန်းကြမ်းမြို့နယ်နှင့် ဟိုပန်မြို့နယ်တို့မှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အရာရှိများ၊ လားရှိုးမြို့ ထပ်ဆင့်လွှင့်စက်ရုံမှူး၊ လားရှိုးကိုယ်ပွား သတင်းစာတိုက်နှင့် လားရှိုးမြို့ မြန်မာ့ရုပ်ရှင်လုပ်ငန်း(မော်ကွန်းရုပ်ရှင်)တို့မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို တင်ပြကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ စေတနာနှင့် နိုင်ငံတော်၏ ကျေးဇူးကို သိရှိနားလည်ပြီး မိမိတို့၏ လုပ်ငန်းတာဝန်များကို အောင်မြင်အောင်၊ ကျေပွန်အောင် နှစ်ဆ၊ သုံးဆတိုးပြီး ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့ဝန်ကြီးဌာနက ချမှတ်ပေးထားသော ၂၀၀၆ ခုနှစ်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်(၁၄)ရပ်ကို အောင်မြင်အောင် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ မိမိတို့မြို့နယ်များအတွင်း ဖွင့်လှစ်ပြီး ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် ချမှတ်ပေးထားသည့် လုပ်ငန်းစဉ်(၅)ရပ် အတိုင်း ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ဝန်ထမ်းများအနေဖြင့် ယနေ့နိုင်ငံရေးအခြေအနေကိုလည်း မျက်ခြည်မပြတ် လေ့လာသိရှိထားရန် လိုအပ်ကြောင်း၊ ယခုအခါ ပြည်တွင်းပြည်ပ အဖျက်သမားများနှင့် ပြည်တွင်းရှိ နယ်ချဲ့သြဇာခံအဖွဲ့အစည်းများကလည်း နိုင်ငံတော်ကို ဘက်ပေါင်းစုံမှနေ၍ နိုင်ငံရေးတိုက်ကွက်၊ မြေပေါ်တိုက်ကွက်၊ မြေအောက်တိုက်ကွက်များဖြင့် သုံးဖက်သုံးတန် ညှပ်တိုက်နေကြကြောင်း၊ ယင်းပြည်ပအားကိုး ပုဆိန်ရိုးများနှင့် အဖျက်သမားများ၏ လုပ်ရပ်များကို ပြည်သူလူထုသိရှိအောင် မီဒီယာနည်းဖြင့် ချပြဆွေးနွေး၍ အဖျက်သမားများ၏ ရန်ကို ပြည်သူလူထုနှင့်အတူ လက်တွဲပူးပေါင်း ကာကွယ်သွားကြရန်လိုအပ်ကြောင်း စသည်ဖြင့် ပြောကြားသွားသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်က အမှာစကားပြောကြားရာတွင် ပြန်ကြားရေးဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များ အောင်မြင်စေရေးအတွက် မိမိတို့အနေဖြင့် ဝိုင်းဝန်းပံ့ပိုး ကူညီပေးလျက်ရှိကြောင်း၊ ရှမ်းပြည်နယ်အတွင်းရှိ ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး အတွက်လည်း လိုအပ်သည့် ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ မီဒီယာ၏ စွမ်းအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်စပ်ဒေသကျေးရွာများရှိ ပြည်သူများ အသိပညာ ပိုမိုပွင့်လင်းလာအောင် နယ်လှည့် စာကြည့်တိုက်များ၊ ဟောပြောပွဲများ သွားရောက်ပြုလုပ်ပေးရန်လည်း လိုအပ်ကြောင်း၊ နိုင်ငံတော် အစိုးရက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းများကို နယ်စပ်ဒေသနေ ပြည်သူများသိရှိအောင် မီဒီယာအပိုင်းက ချပြဆွေးနွေးကြရန်လိုအပ်ကြောင်း၊ပြန်ကြားရေးဝန်ထမ်းများ အနေဖြင့် မီဒီယာနည်းဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက် ကြစေလိုကြောင်း စသည်ဖြင့်ပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

ထို့အတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များနှင့် တွေ့ဆုံပွဲကို မေ ၃ရက် နံနက် ၈နာရီတွင် လားရှိုးမြို့ရှိ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းခန်းမ၌ ကျင်းပသည်။

အဆိုပါတွေ့ဆုံပွဲသို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ လားရှိုးခရိုင်နှင့် လားရှိုးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ မြို့နယ်၊ ရပ်ကွက်တာဝန်ခံများ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗဟိုနာယကအဖွဲ့ဝင် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် ပူးပေါင်းဆောင်ရွက်မှုတွင် အောင်မြင်မှု အခြေအနေများ၊ အသင်းဝင်များအနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်များကို လေ့ကျင့်၍ တိုင်းပြည်နှင့် လူမျိုးအကျိုးဖြစ်ထွန်းအောင် ဆောင်ရွက်နေမှုများ၊ နယ်မြေအေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးရေးလုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်နေမှုများကို အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားရာတွင် ယနေ့ နိုင်ငံရေးအခြေအနေတွင် အဖျက်အမှောင့်မျိုးစေ့များ အပင်မပေါက်အောင် ကာကွယ်ရန်လိုကြောင်း၊ ရရှိထားသည့် အခြေခံကောင်းများကို မပျက်စီးအောင် ထိန်းသိမ်းကြရန်လိုကြောင်း၊ ဆန့်ကျင်ဘက်အဖွဲ့အစည်း တချို့က တိုင်းပြည်အတွက် ဘာမှမလုပ်ခဲ့သော်လည်း အာဏာကို ငမ်းငမ်းတက် အချောင်လိုချင်နေကြကြောင်း၊ နိုင်ငံတော်အစိုးရနှင့် ပြည်သူများစိတ်ဝမ်းကွဲအောင် ဖန်တီးနေကြကြောင်း၊ ပြည်တွင်း ပြည်ပအဖျက်သမားများနှင့် ပြည်တွင်းရှိ နယ်ချဲ့သြဇာခံ အဖွဲ့အစည်းတချို့က နိုင်ငံတော်ကို မြေပေါ်တိုက်ကွက်၊ မြေအောက် တိုက်ကွက်၊ ပြည်ပတိုက်ကွက်များဖြင့် ဘက်ပေါင်းစုံမှ သုံးဖက်သုံးတန် ညှပ်တိုက်နေကြကြောင်း၊ ယင်းအဖျက်သမား ပြည်ပသြဇာခံအဖွဲ့များ၏ အန္တရာယ်ကို ပြည်သူလူထုနှင့်အတူ လက်တွဲတိုက်ဖျက်သွားကြရန် လိုအပ်ကြောင်း။

အသင်းကြီး၏ အဓိကအားမှာ စည်းရုံးရေးဖြစ်ကြောင်း၊ စည်းရုံးမှုဖြင့် အောင်မြင်နိုင်သကဲ့သို့ အောင်မြင်မှုဖြင့် စည်းရုံးနိုင်ကြောင်း၊ အသင်းသားများ အနေဖြင့် အချိန်တိုင်းတွင် စည်းရုံးသူနှင့် တည်ဆောက်သူများဖြစ်ရန် လိုအပ်ကြောင်း၊ စည်းရုံးရာတွင် သဘောတရား၊ လက်တွေ့အကောင် အထည်ဖော်ခြင်းနှင့် ပုဂ္ဂိုလ်ရေး ခင်မင်မှုတို့ဖြင့် ပေါင်းစပ်စည်းရုံးဆောင်ရွက်ပြီး တည်ဆောက်ရာတွင်လည်း ဒေသအာဏာပိုင်များ၊ ပြည်သူလူထုများနှင့်အတူ ပူးပေါင်း၍ မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ အသင်းဝင်များ၏ အရေးအတွက်မှ အရည်အချင်းသို့ပြောင်းလဲပြီး အသင်းကြီး၏ ရည်ရွယ်ချက်၊ ကျင့်ဝတ်၊ အဓိဋ္ဌာန်တို့ကို နားလည်လိုက်နာကြရန်လိုအပ်ကြောင်း စသည်ဖြင့်ပြောကြားပြီး တွေ့ဆုံပွဲကို နံနက် ၉နာရီတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း လားရှိုးမြို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခန်းမ၌ ရှမ်းပြည်နယ် (မြောက်ပိုင်း) ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၅-၂၀၀၆ (တနင်္ဂနွေနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ယနေ့အစီအစဉ်
၇း၀၅	နိုင်ငံတကာအနုပညာရေးရာ
၇း၂၅	ပြည်တွင်းသတင်းအကျဉ်း
၇း၃၅	တေးဂီတအစီအစဉ်
၇း၄၀	ဒါဖောရိန်းမိတ်တဲ့လားဗျာ (ထူးသာ၊ညီကျော်၊ဆုပန်ထွာ)
၇း၅၀	တေးဂီတအစီအစဉ်
၇း၅၅	ကျန်းမာရွှင်မြူးအစဉ်ရေကူး
၈း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၁၅	Sunday Talk [ကိုကို(စက်မှုတက္ကသိုလ်)၊ ဒေါက်တာဇော်သန်း၊ မျိုးမြတ်သူ]
၉း၁၀	တေးဂီတအစီအစဉ်
၉း၁၅	သတိပြုသင့်တဲ့ ရင်သားကင်ဆာ
၉း၂၅	မိုးလေဝသခန့်မှန်းချက်
၉း၃၀	တေးဂီတအစီအစဉ်
၉း၃၅	၂၀၀၆ ဓာတ်ပုံပညာနှင့် ကြယ်ပွင့်များ၏လင်းလက်ခွင့်
၉း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀	Myanmar Video Rhythm
၁၀း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅	သန့်ရှင်းငြိမ်သက် တွက်ခြေကိုက်ဖို့ သဘာဝဓာတ်ငွေ့သုံးကြစို့
၁၁း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅	မိသားစုတနင်္ဂနွေ (ကန်တော်ကြီး ကရဝိက်ဥယျာဉ်)
၁၁း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၅	သစ်သီးဝလံပေါပြည့်ဝေဆာ ဥယျာဉ်ခြံမှာ (ဒူးရင်း၊ကြက်မောက်)
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း	အစီအစဉ်	လိုင်း
၇း၀၀	ပွဲကြိုသုံးသပ်ချက် (မြန်မာ) (ကျောက်ဘီလူးတင်မောင်ဆွေ၊နေမျိုးသူရ၊ပြည့်ဖြိုးဟန်)	5-Sports (Live)
၈း၀၀	Super Sunday	5-Sports (Live)
၈း၂၅	Arsenal-Wigan	5-Sports (Live)
၈း၃၀	NewCastle-Chelsea	5-Cartoons (Live)
	Man U-Charlton	5-Series (Live)
၁၀း၃၀	Porstmouth-Livepool	5-Series(SDD)
၁၁း၀၀	West Ham-Tottenham	5-Sports(SDD)

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ ရှေ့လုပ်ငန်းစဉ်များ ရှင်းလင်းပွဲ အခမ်းအနားကို မေ ၅ရက်က သဃ်ာန်းကျွန်းမြို့နယ် ခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရိုန် အဖွင့်အမှာစကား ပြောကြားစဉ်။ (၅၀၆)

* မော်လိုက်-ကလေးဝမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အဖွဲ့ဝင်များနှင့်အတူ မော်လိုက်မြို့နယ်ရှိ သမဝါယမအသင်းများ၏ ရော်ဘာပင်နှင့် ခြစ်စည်းရိုးကြက်ဆူပင် ပျိုးထောင်ထားသည့် ပျိုးဥယျာဉ်တို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား သတ်မှတ်ကာလအတွင်း စိုက်ပျိုးနိုင်ရေးမှာကြားသည်။

အဆိုပါ ပျိုးဥယျာဉ်တို့၌ ရော်ဘာမျိုးစေ့ ၂၁၀၀၀ နှင့် ခြစ်စည်းရိုးကြက်ဆူပင် တစ်သောင်းတို့ကို ပျိုးထောင်ထားရှိပြီး ယခုနှစ်တွင် စိုက်ပျိုးသွားမည်ဖြစ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မော်လိုက်မြို့ ပြည်သူ့အားကစားကွင်းပတ်လည်၌ ဌာနဆိုင်ရာများ၏ ခြစ်စည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ခြစ်စည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အဖွဲ့ဝင်များနှင့်အတူ မော်လိုက်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့ရှိ ကြက်ဆူပင်ပျိုးဥယျာဉ်ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မော်လိုက်မြို့ အခြေခံပညာအထက်တန်း ကျောင်းဝင်းအတွင်း၌ ကျင်းပသည့် ခြစ်စည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်အားပေးကြရာ ရှေးဦးစွာ မော်လိုက်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်ရက မော်လိုက်ခရိုင်အတွင်း ခြစ်စည်းရိုးကြက်ဆူပင် စိုက်ပျိုးမှုနှင့် ပျိုးထောင်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကြက်ဆူပင်နှင့် နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးရေးတို့ကို ရှင်းလင်းမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးဗိုလ်ချုပ်သာအေး၊ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဦးလွင်နှင့် အဖွဲ့ဝင်များသည် ဒေသခံပြည်သူများနှင့်အတူ ခြစ်စည်းရိုးကြက်ဆူပင်ကို စုပေါင်းစိုက်ပျိုးပေးကြသည်။

သံဖိုချောင်းတံတား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မော်လိုက်-ကလေးဝလမ်းဆုံသို့ ရောက်ရှိ၍ မော်လိုက်-ကလေးဝလမ်းအတိုင်း ထွက်ခွာခဲ့ကြရာ မိုင်တိုင်အမှတ် (၃၃/၅)နှင့် (၃၃/၆) အကြားရှိ သံဖိုချောင်းတံတားဆောက်လုပ်မှုလုပ်ငန်းသို့ ရောက်ရှိပြီး ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

အဆိုပါတံတားသည် အရှည်ပေ ၁၅၀ ရှိပြီး ဘေလီတံတား အမျိုးအစားဖြစ်ကာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းအထူးအဖွဲ့ (၁၀)က တာဝန်ယူတည်ဆောက်လျက်ရှိသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် နံနက် ၈ နာရီ ၄၅ မိနစ်တွင် မန်ဖာလေးချောင်းတံတား ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြရာ ရှေးဦးစွာ မော်လိုက်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဗိုလ်မှူးစိန်လှမောင်က တံတားတည်ဆောက်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မန်ဖာလေးချောင်းတံတားကို မော်လိုက်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်ရ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးမြင့်အေးနှင့် ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရဲဝင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများသည် တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။

အဆိုပါ တံတားသည် အရှည် ၁၄၃ ပေရှိပြီး မော်လိုက်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကလေးဝမြို့နယ် နန်းဇလိမ်ကျေးရွာအနီးရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ မော်လိုက်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်ရက မော်လိုက်-ကလေးဝ ကားလမ်းကျောက်ခင်းလမ်းနှင့် တံတားဆောက်လုပ်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်၍ ရှင်းလင်းတင်ပြသည်။

စာအုပ်များလှူဒါန်း

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားပြီး နန်းဇလိမ်ကျေးရွာမှ ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်နှင့် ကျောင်းသုံးစာအုပ်များကို ပေးအပ်လှူဒါန်းရာ မူလတန်းပြဆရာမ ဒေါ်စောမြသန်းက လက်ခံသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် နှင့်အဖွဲ့ဝင်များသည် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ဝါးနက်ချောင်းတံတား ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြရာ ကလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မိုးမြင့်နှင့် နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး အေးဆန်းတို့က တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ အဆိုပါတံတားသည် အရှည်ပေ ၁၀၀ ရှိပြီး နယ်မြေခံတပ်နယ်က တာဝန်ယူဆောက်လုပ်ခြင်းဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မော်လိုက်-ကလေးဝ လမ်းပေါ်ရှိ ကြိမ်ချောင်းတံတားကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သဖန်းချောင်းတံတား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ် (၁၆/၇)နှင့် (၁၇/၀)အကြားရှိ သဖန်းချောင်းတံတား တည်ဆောက်မှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။ အဆိုပါ တံတားသည် အရှည်ပေ ၂၀၀ ရှိပြီး ကလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တာဝန်ယူဆောက်လုပ်မည်ဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၀ နာရီတွင် လိပ်ပုတ်ချောင်းတံတားဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြရာ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဦးလွင်နှင့် ကလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မိုးမြင့်တို့က တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ အဆိုပါ တံတားသည် အရှည် ၁၀၈ ပေရှိပြီး ကလေးတပ်နယ်က တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ် (၁၆/၂)ရှိ ငမောင်ကြီးတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး တည်ဆောက်ပြီးစီးမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားကာ တံတားတည်ဆောက်ရေးလုပ်ငန်းတွင် ဆောင်ရွက်လျက်ရှိသည့် ယန္တရားမောင်းစစ်သည်အား ဂုဏ်ပြုဆုငွေကို ချီးမြှင့်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၀ နာရီခွဲတွင် လဟော်ချောင်းတံတား ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြရာ ကလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မိုးမြင့်နှင့် နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး အေးဆန်းတို့က တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါတံတားသည် အရှည်ပေ ၉၀ ရှိပြီး နယ်မြေခံတပ်နယ်မှ တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် ကြိမ်ချောင်းတံတား ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြရာ ကလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မိုးမြင့်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမိုးမြင့်အေးနှင့် ကလေးခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူး ဦးစောဟန်တို့က တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ အဆိုပါတံတားသည် အရှည်ပေ ၈၀ ရှိပြီး ကလေးခရိုင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အဖွဲ့ဝင်များနှင့်အတူ ကလေးဝမြို့နယ် နတ်မှော်ကဲကျေးရွာရှိ မော်လိုက်-ကလေးဝ လမ်း၊ တံတားဆောက်လုပ်ရေး ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး အေးဆန်းက တံတား၊ ရေပြွန်၊ ရေကျော်များ ဆောက်လုပ်ပြီးစီးမှုနှင့် ကျောက်လမ်းခင်းခြင်းပြီးစီးမှု လုပ်ငန်းအခြေအနေများကိုတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မော်လိုက်-ကလေးဝလမ်းကို ရာသီမရွေး သွားလာနိုင်ရေးအတွက် မိုးကာလမရောက်မီ ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၁ နာရီတွင် ရေအေးချောက်တံတား ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြရာ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဦးလွင်နှင့် ကလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မိုးမြင့်တို့က တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါတံတားသည် အရှည် ၇၅ ပေရှိပြီး ကလေးတပ်နယ်က တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အဖွဲ့ဝင်များနှင့်အတူ မော်လိုက်-ကလေးဝလမ်း မိုင်တိုင်အမှတ် (၈/၃)နှင့် (၈/၄)ကြား၌ တမံတည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ထွန်းက လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ဂုဏ်ပြုဆုငွေများချီးမြှင့်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မြေသားတမံနှင့် ကားလမ်းတည်ဆောက်ရေးတွင် ဆောင်ရွက်ကြသူများအား ဂုဏ်ပြုဆုငွေများကို ချီးမြှင့်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အဖွဲ့ဝင်များနှင့်အတူ ကလေးဝမြို့အဝင် မြစ်သာမြစ်ကူးတံတားအနီး လမ်းဆုံသို့ ရောက်ရှိကြပြီး ကလေးဝမြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်၍ အတွင်းလူနာခန်း၊ ခွဲစိတ်ခန်းနှင့် ဓာတ်မှန်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကလေးဝမှ မော်လိုက်သို့ ချင်းတွင်းမြစ် အနောက်ဘက်ကမ်းမှသွားပါက ကလေးဝ-ကျီကုန်း-စော်ဘွားရေရှင်-မော်လိုက် ခရီးအတိုင်း အကွာအဝေး ၇၆ မိုင် ၅ ဖာလုံဖြစ်သည်။ ချင်းတွင်းမြစ် အရှေ့ဘက်ကမ်းမှသွားပါက ကလေးဝ-သက္ကယ်ကျင်း-သနန်းတော-မော်လိုက် လမ်းကြောင်းအတိုင်းဖြစ်ပြီး အကွာအဝေး ၇၇ မိုင်ဖြစ်သည်။ ယခုဖောက်လုပ်သော ကလေးဝ-မော်လိုက် လမ်းသစ်မှာ ၃၆ မိုင်သာရှိသဖြင့် ခရီးအကွာအဝေး မိုင် ၄၀ နှင့် ၅ ဖာလုံ လျော့နည်းသက်သာသွားသောကြောင့် အချိန်ကုန်သက်သာ၍ လျင်မြန်လွယ်ကူစွာ သွားလာနိုင်မည်ဖြစ်သည်။

၎င်းလမ်း ဖောက်လုပ်ပြီးစီးသောကြောင့် မော်လိုက်နှင့် ကလေးဝမြို့နယ်များအတွင်းရှိ ကျေးရွာအုပ်စု ၁၄ အုပ်စု၊ ကျေးရွာပေါင်း ၃၀ ရှိ အိမ်ခြေ ၂၁၆၃ လုံး၊ လူဦးရေ ၁၃၄၀၇ ဦးတို့သည် ယခင်က ရေလမ်းခရီးကိုသာ အသုံးပြုနေရာမှ ယခုအခါ လွယ်လင့်တကူ အချိန်တိုအတွင်း မော်တော်ယာဉ်ဖြင့် သွားလာနိုင်သော အကျိုးကျေးဇူးများကို ရရှိခံစားရမည်ဖြစ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကလေးဝမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ နှစ်ထပ်စာသင်ဆောင် ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မုံရွာ-ယာကြီး-ကလေးဝလမ်း မိုင်တိုင်အမှတ် (၁၁၄/၃)အနီး၌ ကျင်းပသည့် ကလေးဝမြို့နယ် ကျော်ဇင်ကျေးရွာအုပ်စု ခြစ်စည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ဒေသခံပြည်သူများနှင့် ခြစ်စည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ် (၈၇/၀)ရှိ မင်းကင်းမြို့နယ် ကြာပင်ကျေးရွာအုပ်စု၌ ကျင်းပသည့် ခြစ်စည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ တက်ရောက်ကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်နိုင်က မြို့နယ်အတွင်း ခြစ်စည်းရိုးကြက်ဆူပင် ပျိုးထောင်မှုနှင့် စိုက်ပျိုးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ဒေသခံပြည်သူများနှင့်အတူ ခြစ်စည်းရိုး ကြက်ဆူပင် များကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ညနေပိုင်းတွင် ကနီမြို့နယ် လာပို့ ကျေးရွာ၌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်က စိုက်ပျိုးထားသည့် ခြစ်စည်းရိုး ကြက်ဆူပင်များကိုလည်းကောင်း၊ ခြစ်စည်းရိုးကြက်ဆူပင် ပျိုးခင်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြား၍ ညနေ ၆ နာရီ ၄၅ မိနစ်တွင် မုံရွာမြို့သို့ ရောက်ရှိသည်။

(သတင်းစဉ်)

● ပေကျင်းမှ

ထိုမိုးတုရွာသွန်းမှုဖြစ်စဉ်အတွင်း ပေကျင်းတွင် မိုးရေချိန် ၉ မီလီမီတာမှ ၁၁ ဒသမ ၂ မီလီမီတာအထိ ရရှိခဲ့ကြောင်း သိရသည်။ ယခုမိုးကြောင့် မိုးခေါင်မှုမှ သက်သာစေခြင်း၊ မြေအစိုဓာတ်ရရှိခြင်းနှင့် ပေကျင်းဝန်းကျင် ဖုန်ထူထပ်ကာ လေထုညစ်ညမ်းနေမှုကို သက်သာစေခဲ့သည်ဟု ပေကျင်း ရာသီဥတုပြုပြင်ဖန်တီးရေးဌာနက ပြောကြားသည်။

ရာသီဥတု ဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများကို ရာသီဥတုမြေပုံများ၊ ရေဒါများနှင့် အခြားကိရိယာများ အသုံးပြုကာ မပြတ်စောင့်ကြည့်နေပြီး အခြေအနေအပေးဆုံး အနေအထားအရောက်တွင် မိုးတုရွာအောင် ဖန်တီးပေးခဲ့ခြင်းဖြစ်သည်ဟု အဆိုပါဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပထမပိုင်းက လေယာဉ်ကိုအသုံးပြုကာ မိုးတုရွာအောင် ဖန်တီးရန် စီစဉ်ခဲ့ကြသော်လည်း အခြေအနေမပေးသဖြင့် လေယာဉ်အသုံးပြုမည့် အစီအစဉ်ကို စွန့်လွှတ်ခဲ့ကြခြင်းဖြစ်သည်ဟုဆိုသည်။ **အင်တာနက်။**

တနင်္သာရီတိုင်းကို နိုင်ငံတော်ကအားထားရသည့် တိုင်းတစ်တိုင်းဖြစ်လာအောင် ကြိုးပမ်း မြေလွတ် မြေရိုင်းများ ဖော်ထုတ်၍ နွေစပါး၊ မိုးစပါး၊ ရော်ဘာ၊ ဆီအုန်းနှင့် ငရုတ်ကောင်းတိုးချဲ့စိုက် ပင်လယ်ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းများကိုလည်း တိုးမြှင့်၍ ပြည်ပပို့ကုန်များ တိုးချဲ့တင်ပို့

ရန်ကုန် မေ ၆

တနင်္သာရီတိုင်း မြိတ်မြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မေ ၃ ရက် နံနက် ၇ နာရီတွင် မြိတ်မြို့ရှိ မြိတ်လေဆိပ်ဝင်း အတွင်း၌ ကျင်းပသည့် မြိတ်ခရိုင် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

တက်ရောက်

အဆိုပါ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲသို့ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဟုန်ငိုင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်နှင့် ခရိုင်နှင့်မြို့နယ်၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်တို့မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ စက်ရုံ၊ အလုပ်ရုံ ဝန်ထမ်းများ၊ တပ်မတော်သားများနှင့် ဒေသခံပြည်သူများ စုစုပေါင်း အင်အားတစ်သောင်းကျော်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တနင်္သာရီတိုင်းအတွင်းရှိ မြို့နယ်များ၏ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲ အခမ်းအနား မှတ်တမ်းတင်ဓာတ်ပုံများ၊ ပျိုးပင်နမူနာများ၊ ပျိုးပင်သုံးဆေးရည်များ၊ မျိုးစေ့နမူနာများနှင့် မျိုးကိုင်းကူး ပျိုးပင်နမူနာများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ခြံစည်းရိုးကြက်ဆူပင်များကို လူမှုရေးအသင်းအဖွဲ့ဝင်များအား ဝေငှပေးပြီး ခြံစည်းရိုးကြက်ဆူပျိုးပင်ကို စတင်၍ စိုက်ပျိုးပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက ခြံစည်းရိုးကြက်ဆူပျိုးပင်များကို စိုက်ပျိုးပေးသည်။

ကြည့်ရှုအားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများ၏ ခြံစည်းရိုးကြက်ဆူပင်များ တပျော်တပါး စုပေါင်းစိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

တနင်္သာရီတိုင်းအတွင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိရာ ယခုအခါ မြိတ်ခရိုင်၌ ၁၈၁ ဒသမ ၄၆ ဧက၊ ထားဝယ်ခရိုင်၌ ၃၃၇ ဒသမ ၉၆ ဧက၊ ကော့သောင်းခရိုင်၌ ၁၁၉ ဒသမ ၃၃ ဧက စုစုပေါင်း ၆၃၈ ဒသမ ၇၅ ဧက စိုက်ပျိုး ပြီးစီးခဲ့ပြီဖြစ်သည်။

ယင်းနောက် မြိတ်လေဆိပ်ဝင်းအတွင်းရှိ ယာယီမဏ္ဍပ်၌ တက်ရောက်လာကြသူများအား ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကားပြောကြားရာတွင် ယနေ့ ကမ္ဘာတွင် ရေနံဈေးနှုန်းသည် တစ်ရှိန်ထိုး တိုးမြှင့်လျက်ရှိကြောင်း၊ စက်မှုနိုင်ငံကြီးများတွင် မကြာမီ လောင်စာပြဿနာနှင့် ရင်ဆိုင်ကြုံတွေ့ကြရတော့မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည်ပင်လျှင် လောင်စာဆီကို ပြည်ပမှ မှာယူတင်သွင်းနေရသဖြင့် နိုင်ငံခြားငွေမြောက်မြားစွာ ကုန်ကျလျက်ရှိနေကြောင်း။

ထိုကဲ့သို့ လောင်စာဆီအခက်အခဲကို ဖြေရှင်းနိုင်ရန်အတွက် မိမိတို့နိုင်ငံအနေဖြင့် နည်းလမ်းရှာကြံခဲ့ရာ တစ်ချိန်က အညာဒေသနှင့် ရှမ်းပြည်နယ်တို့၌ ခြံစည်းရိုးများတွင် အလေ့ကျပေါက်သော ကြက်ဆူပင်ကို တွေ့ရှိရပြီး ၎င်းကြက်ဆူပင်၏ အစေ့မှ ဇီဝလောင်စာဆီ ထုတ်လုပ်နိုင်ကြောင်းကို သုတေသနပြု စမ်းသပ်ထုတ်လုပ်ခဲ့ရာ အောင်မြင်မှုများစွာ ရရှိခဲ့ကြောင်း၊ ထိုကဲ့သို့ ခြံစည်းရိုးကြက်ဆူပင်မှ ဇီဝလောင်စာဆီ ထုတ်လုပ်နိုင်ခြင်းသည် မိမိတို့နိုင်ငံအတွက် တန်ဖိုးမဖြတ်နိုင်သည့် သဘာဝအမွေအနှစ်တစ်ခုကို တွေ့ရှိရခြင်းပင်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက နိုင်ငံအတွင်း ခြံစည်းရိုးကြက်ဆူပင်ကို ပြည်နယ်နှင့်တိုင်း တစ်ခုလျှင် ဧက ငါးသိန်းနှုန်းဖြင့် စုစုပေါင်း ဧက ခုနစ်သန်းကို သုံးနှစ်အတွင်း စိုက်ပျိုးရန် စီမံချက်ချမှတ်ဆောင်ရွက်ရန် လမ်းညွှန်ခဲ့ကြောင်း။

ခြံစည်းရိုးကြက်ဆူပင်သည် မြေအမျိုးအစားမရွေး စိုက်ပျိုးနိုင်သည့်အပြင် အမြင့်ပေ ၅၀၀၀ ကျော်အထိလည်း စိုက်ပျိုးနိုင်သည့်အတွက် တနင်္သာရီတိုင်းကဲ့သို့ မြေလွတ်မြေရိုင်း ပေါများသည့် ဒေသတွင် ဧရိယာတိုးချဲ့စိုက်ပျိုးနိုင်ရန် အလားအလာကောင်းလျက်ရှိပါကြောင်း။

ခြံစည်းရိုးကြက်ဆူဆီသည် စက်ယန္တရားမရွေး အသုံးပြု မောင်းနှင်နိုင်ကြောင်းကို တွေ့ရှိထားပြီးဖြစ်၍ မိမိတို့ပိုင် စက်တပ်ရေယာဉ်များ၊ သမ္ဗန်များ၊ အသေးစား လယ်ယာစိုက်ပျိုးရေး စက်ကိရိယာများနှင့် ငါးဖမ်းစက်လှေများတွင် အသုံးပြုရန် တစ်ဖက်တစ်လမ်းက အစားထိုးဒီဇယ်ရရှိရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ထို့အပြင် ခြံစည်းရိုးကြက်ဆူကြိတ်ဖတ်သည်လည်း တစ်ဧကတွင် ၄၆၅ ပိဿာမှသည် ၆၅၅ ပိဿာအထိ ထွက်ရှိရာ ယင်းကြိတ်ဖတ်ပမာဏသည် ၁၁၂ ပေါင်ဝင် ယူရီးယားဓာတ်မြေဩဇာ ၁ ဒသမ ၂၅ အိတ်မှ ၁ ဒသမ ၇၅ အိတ် သုံးစွဲသည့်အာနိသင်နှင့် တူညီသဖြင့် မိမိတို့ စိုက်ခင်းများမှ ယူရီးယားဓာတ်မြေဩဇာများ ထုတ်ပေးလျက်ရှိသည်ဟု ယုံကြည်မှုအပြည့်ဖြင့် ဖိဖိစီးစီး စိုက်ပျိုးသွားကြစေလိုကြောင်း။

ထို့ကြောင့် မိမိတို့နိုင်ငံအတွက် လွန်စွာအကျိုးဖြစ်ထွန်းသည့် ဇီဝလောင်စာဆီ အစားထိုး ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းစိုက်ပျိုးကြစေလိုကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

စုပေါင်းစိုက်ပျိုး

ယနေ့စိုက်ပျိုးသည့် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲ အခမ်းအနားတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများက စုစုပေါင်း ရှစ်ဧကကို မြိတ်လေဆိပ်ဝင်းအတွင်း၌ စိုက်ပျိုးပေးခဲ့ကြကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြိတ်တက္ကသိုလ်သို့ ရောက်ရှိကြရာ စုဝေးခန်းမ၌ တာဝန်ခံ ပါမောက္ခချုပ် ဦးသိန်းအောင်က မြိတ်တက္ကသိုလ်၏ သင်ကြားစီမံကိန်းရပ်များကိုလည်းကောင်း၊ ယုဇနဆောက်လုပ်ရေးအဖွဲ့မှ တာဝန်ခံ ဦးခင်ဦးက မြိတ်တက္ကသိုလ် ပင်မဆောင် တည်ဆောက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်ဆည်းစီမံဆောင်ရွက်ပေးပြီး ဆရာ၊ ဆရာမများအနေဖြင့် အနာဂတ်တွင် ထူးချွန်ထက်မြက်သည့် ကျောင်းသားလူငယ်များ ထွက်ပေါ်လာစေရန် ကြိုးပမ်းသင်ကြားပေးကြရေး မှာကြားကာ ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြိတ်တက္ကသိုလ် ပင်မဆောင် အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ မြိတ်တက္ကသိုလ်တွင် အထူးပြုဘာသာရပ် ၁၃ ခု၌ ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၃၃၈၂ ဦးတို့ ပညာသင်ကြားလျက်ရှိသည်။ မြိတ်တက္ကသိုလ် ပင်မအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများအနေဖြင့် ၈၉ ဒသမ ၉ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။

မြိတ်မြို့သစ်စီမံကိန်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့ ကျွဲကူး-ကျောက်ဖျာ တံတားအနီးရှိ မြိတ်မြို့သစ် တည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ မြိတ်မြို့သစ် မြို့ပြစီမံကိန်းရေးဆွဲရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်အောင်က မြိတ်မြို့သစ်၏ ဆိပ်ကမ်းပတ်လမ်း၊ အပိုင်း(၁)နှင့် အပိုင်း(၂) ဖောက်လုပ်ပြီးစီးမှုအခြေအနေ၊ မြေကွက်များ ဖော်ထုတ်ပြီးစီးမှုအခြေအနေ၊ ယာဉ်ယန္တရား လိုအပ်မှုနှင့် ရရှိမှု၊ မြိတ်မြို့သစ် ဆိပ်ကမ်းနယ်မြေ၌ ဆိပ်ခံတံတားနှင့် အဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှုအခြေအနေတို့ကိုလည်းကောင်း၊ မြို့သစ်ရေရရှိရေးနှင့် ရေထိန်းတံခါး တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ၊ တိုင်းဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းက မြို့သစ်ရေပေးဝေရေးအတွက် ရေလှောင်တမံ သုံးခုနှင့် ရေထိန်းတံခါး ခုနစ်ခုတို့ တည်ဆောက်ရေးလုပ်ငန်းများ အခြေအနေကိုလည်းကောင်း မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက မြိတ်မြို့သစ်၏ မြို့ပြစီမံကိန်း ပြန်လည်ရေးဆွဲဆောင်ရွက်နေမှု၊ ရေလုပ်ငန်းရှင်များအား နေရာပြောင်းရွှေ့ချထားရန် စီစဉ်ဆောင်ရွက်နေမှုနှင့် အစိုးရနည်းပညာကောလိပ် အပါအဝင် ဌာနဆိုင်ရာရုံးများ ပြောင်းရွှေ့နိုင်ရန် မြို့သစ်ကို တိုးချဲ့တည်ဆောက်နေမှုတို့နှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များကို ဖြည့်ဆည်းစီမံဆောင်ရွက်ပေးပြီး မြိတ်မြို့သစ် တည်ဆောက်ရေးလုပ်ငန်းများ ယခုထက် တိုးတက်မြန်ဆန်အောင် ဆောင်ရွက်ကြရေး၊ ဒေသဖွံ့ဖြိုးရေးအတွက် စိတ်စေတနာကောင်းထား၍ အသေးအဖွဲလုပ်ငန်းများမှအစ စီမံကိန်းတစ်ခုလုံးကို စေ့စပ်သေချာစွာဖြင့် ဆောင်ရွက်ကြရေးနှင့် စံချိန်စံညွှန်းမီစွာဖြင့် တည်ဆောက်သွားကြရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျွဲကူး-ကျောက်ဖျာ တံတားကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုကြပြီး မြိတ်မြို့သစ်ရှိ ကျောက်ဖျာ-ကဘင်း မြို့သစ်ပတ်လမ်းဖောက်လုပ်နေမှုကို သွားရောက်ကြည့်ရှု စစ်ဆေးကြ၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဖိုးလမင်းကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိသည့် မြိတ်မြို့သစ် ရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ တည်ဆောက်ရေးတာဝန်ခံ ဦးတီးတီက ကဘင်းရေလှောင်တမံ၏ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များကို မှာကြားပြီး ရေလှောင်တမံ တည်ဆောက်မည့် ရေထွက်နေရာကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းစီမံဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ထူးထူးတိုးကုမ္ပဏီလီမိတက်၏ မြိတ်မြို့သစ် ရေရရှိရေးအတွက် တစ်ဖက်ပိတ်ဆည် တည်ဆောက်ရေးလုပ်ငန်းခွင်ရုံးသို့ ရောက်ရှိကြပြီး ဆောက်လုပ်ရေးတာဝန်ခံ ဦးကျော်ဟိန်းက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဆည်မြောင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ကြရေး မှာကြားပြီး တစ်ဖက်ပိတ် ရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

သစ်အခြေခံစက်ရုံ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် EHS Groupနှင့် Wood World Co., Ltd. တို့ ပူးပေါင်းဆောင်ရွက်နေသည့် မြိတ်မြို့သစ်ရှိ သစ်အခြေခံစက်ရုံ တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်းမန်နေဂျာ ဦးထွန်းနိုင်က စက်ရုံတည်ဆောက်ရေးအတွက် မြေပြုပြင်ရေး လုပ်ငန်းများဆောင်ရွက်နေမှုနှင့် စက်ရုံတည်ဆောက်ပြီးစီးပါက သစ်အချောထည် ထုတ်လုပ်မည့်လုပ်ငန်း များကိုရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် စက်ရုံတည်ဆောက်ရန် မြေပြုပြင်နေမှုလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့သစ် တာပတ်လမ်းတစ်လျှောက် ဆိပ်ခံဖောတံတားများ တည်ဆောက်နေမှုကိုလည်းကောင်း၊ မြို့သစ်၌ အိမ်ရာများချထားရေးအတွက် မြေနေရာများ ဖော်ထုတ်နေမှုကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

အစိုးရနည်းပညာကောလိပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့သစ်၌ တည်ဆောက်လျက်ရှိသည့် အစိုးရနည်းပညာကောလိပ်(မြိတ်) တည်ဆောက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး စီမံကိန်း ရှင်းလင်းဆောင်၌ Civil Tech Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးအုန်းမြင့်က သုံးထပ်ပင်မစာသင်ဆောင် တည်ဆောက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက ဖြည့်စွက်ရှင်းလင်းတင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက စံချိန်စံညွှန်းမီစွာဖြင့် တည်ဆောက်သွားရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်း ရှင်းစေရန်ဆောင်ရွက်သွားကြရေး မှာကြားသည်။

အဆိုပါ မြိတ်မြို့ အစိုးရနည်းပညာကောလိပ်သည် မြိတ်-ရန်ကုန် ကားလမ်းဘေး ကဘင်းကျေးရွာအနီး မြိတ်မြို့သစ်၌ တည်ရှိပြီး ကျောင်းသား၊ ကျောင်းသူဦးရေ ၃၀၀၀ ကို လက်ခံသင်ကြားပေးနိုင်မည်ဖြစ်သည်။

သုံးထပ်ပင်မဆောင်မှာ မျက်နှာစာအလျား ၅၁၃ ပေ၊ ဘေးတိုက်အလျား ၃၅၇ ပေ ရှိမည်ဖြစ်ပြီး ယခုအခါ လုပ်ငန်းအားလုံး၏ ၃၅ ရာခိုင်နှုန်း ပြီးစီးနေဖြစ်ဖြစ်ကြောင်းသိရှိရသည်။

တွေ့ဆုံမှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ တနင်္သာရီတိုင်းအတွင်းရှိ တိုင်းအဆင့်ဌာနဆိုင်ရာ ပုဂ္ဂိုလ်များ၊ မြိတ်ခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရော်ဘာ၊ ဆီအုန်းနှင့် ရေထွက်လုပ်ငန်းလုပ်ကိုင်နေကြသော စီးပွားရေးလုပ်ငန်းရှင်များအား တွေ့ဆုံကာ တနင်္သာရီတိုင်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ မှာကြားသည်။

ရှေးဦးစွာ မြိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်မောင်ကြွယ်က မြိတ်ခရိုင်၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဝမ်းစာဖူလုံမှု အခြေအနေများကိုလည်းကောင်း၊ တိုင်း

မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း မန်နေဂျာ ဦးခွန်

ဆီအုန်းနှင့်ရော်ဘာ စိုက်ပျိုးမှုအခြေအ

တင်ပြကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မော

စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှု

ဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ မိ

ငရုတ်ကောင်း ၃၂၁၀၈ ဧက၊ ရော်ဘာ

ဒသမ ၇၅ ဧက၊ ဆီအုန်း ၁၆၃၀၄၈

တည်ဆောက်ပြီးစီးမှုအခြေအနေများကိုလ

ရေပေါ်ရေအောက် သယံဇာတများ ဖော်

ကောင်း အသေးစိတ်ရှင်းလင်းတင်ပြသ

တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်

ညှိနှိုင်းဆွေးနွေး၍ အမှာစကား ပြော

ရေမြေသဘာဝသယံဇာတ ကောင်းမွန်သည့်

စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် တိုင်းအ

အကျိုးရှိရှိအသုံးပြုပြီး ဒေသ၏ စိုက်ပျိုး

ကဏ္ဍတို့၌ အရှိန်အဟုန်မြှင့် ဆောင်ရွက်

စိုက်ပျိုးရေးကဏ္ဍအနေဖြင့် တနသ်

ငရုတ်ကောင်းစိုက်ပျိုးရေးလုပ်ငန်းများကို

လုပ်ငန်းရှင်များအနေဖြင့် တနင်္သာရီတိုင်းက

ဟူသော ရည်မှန်းချက်ကို အကောင်အထည်

ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုက

ဝန်ထမ်းများအနေဖြင့် မိမိနှင့်မဆိုင်ဟု သ

မိမိတို့တတ်စွမ်းနိုင်သည့်ဘက်မှ အားပေ

ဖြစ်ကြောင်း။

ဒေသတွင်းရှိ ဌာနဆိုင်ရာများ၊ လ

ဖန်တီးဖော်ဆောင်ပေးထားသည့် စိုက်ပျိုးရေ

ရေးဆိုင်ရာ အခြေခံကောင်းများကို တန်ဖိုး

မိမိတိုင်း၊ မိမိဒေသ ဖွံ့ဖြိုးရေးအတွက် အ

ကြရမည်ဖြစ်ကြောင်း။

ရေဝတီတိုင်းအတွင်း
ထောက်ပံ့ငွေနှင့် ပစ္စ

ရေဝတီတိုင်းအတွင်း လေဘေးသ
အခမ်းအနားကို မေ ၃ ရက်တွင် ပုသိမ်မြ
ကြိုတင်ကာကွယ်စောင့်ရှောက်ရေး စီမံခန်
ကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်
တင့်ဆွေနှင့် တပ်မတော်အရာရှိကြီးများ၊
တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ် သူရ

မြင့်အောင်က သဘာဝဘေးအန္တရာယ်

အလိုက်တွေ့ကြုံရတတ်သော ဆိုးကျိုး

များ၊ မြန်မာပြည်အတွင်းနှင့် ဧရာဝတီ

တိုင်းတို့၌ ရာသီအလိုက် ဖြစ်လေ့

ဖြစ်ထရှိသော မိုးကြိုးမုန်တိုင်းများ

ဖြစ်စဉ်အတွေ့အကြုံပေါ် မူတည်၍

တာဝန်ရှိသူများက သဘာဝဘေး

အန္တရာယ် ပြန်လည်ထူထောင်ရေး

လုပ်ငန်းစီမံချက်များကို ကြိုတင်ရေးဆွဲ

လုပ်ဆောင်မှု၊ စေတနာရှင်များနှင့်

လူမှုရေးအသင်းအဖွဲ့များက တက်ကြွ

စွာ ပူးပေါင်းပါဝင် ဆောင်ရွက်မှု၊

လူသားချင်းစာနာထောက်ထားစွာဖြင့်

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ

ကို လုပ်ငန်းရှင်များ၊ လူမှုရေးအသင်း

အဖွဲ့များက ဝိုင်းဝန်းကူညီမှုတို့ကို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို အစိုးရနည်းပညာကောလိပ်(မြိတ်) တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း မန်နေဂျာ ဦးခွန်ရွှေသိန်းက တနင်္သာရီတိုင်းအတွင်း ဆီအုန်းနှင့်ရော်ဘာ စိုက်ပျိုးမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက တနင်္သာရီတိုင်း၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခြေအနေများနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ မိုးစပါးနှင့် နွေစပါးဧက ငါးသိန်း၊ ငရုတ်ကောင်း ၃၂၁၀၈ ဧက၊ ရော်ဘာ ၁၁၉၃၅၃ ဧက၊ ကြက်ဆူ ၆၃၈ ဒသမ ၇၅ ဧက၊ ဆီအုန်း ၁၆၃၀၄၈ ဧကနှင့် ဆီကြိမ်းစက်ရုံ ၁၉ ရုံ တည်ဆောက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတများ ဖော်ထုတ်ရရှိမှုအခြေအနေများကိုလည်းကောင်း အသေးစိတ်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေး၍ အမှာစကား ပြောကြားရာတွင် တနင်္သာရီတိုင်းသည် ရေမြေသဘာဝသယံဇာတ ကောင်းမွန်သည့် တိုင်းတစ်တိုင်းဖြစ်ရာ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် တိုင်းအတွင်းရှိ ရေမြေသယံဇာတများကို အကျိုးရှိရှိအသုံးပြုပြီး ဒေသ၏ စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍနှင့် သားငါးကဏ္ဍတို့၌ အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးကဏ္ဍအနေဖြင့် တနင်္သာရီတိုင်းသည် ဆီအုန်း၊ ရော်ဘာနှင့် ငရုတ်ကောင်းစိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထား ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းရှင်များအနေဖြင့် တနင်္သာရီတိုင်းကို နိုင်ငံတော်၏ ဆီအိုးကြီးဖြစ်ရမည်ဟူသော ရည်မှန်းချက်ကို အကောင်အထည်ဖော်ရေးအတွက် အလေးအနက်ထား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် မိမိနှင့်မဆိုင်ဟု သဘောမထားဘဲ လိုအပ်ချက်အဝဝကို မိမိတို့တတ်စွမ်းနိုင်သည့်ဘက်မှ အားပေးကူညီ ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

ဒေသတွင်းရှိ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များသည် နိုင်ငံတော်က ဖန်တီးဖော်ဆောင်ပေးထားသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံကောင်းများကို တန်ဖိုးရှိရှိ ထိုက်ထိုက်တန်တန် အသုံးချ၍ မိမိတိုင်း၊ မိမိဒေသ ဖွံ့ဖြိုးရေးအတွက် အားထည့်ကာ ဖိဖိစီးစီးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ယခင်ရက်များက မိမိတို့သည် ကော့သောင်းခရိုင်ရှိ မြို့ကြီးများသို့ သွားရောက်ကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ဆီအုန်းစိုက်ပျိုးမှုအခြေအနေများကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို စီမံဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုနှစ် စိုက်ပျိုးရေးရာသီတွင် ဆီအုန်းများကို တိုးချဲ့စိုက်ပျိုးကြရန် ကွင်းဆင်း၍ တွန်းအားပေးဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်က အားကိုးအားထားပြုရသည့် တိုင်းကြီးခြောက်တိုင်းအပြင် တနင်္သာရီတိုင်းကိုပါ နိုင်ငံတော်က အားထားရမည့် တိုင်းတစ်တိုင်းဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်၊ တိုင်းအတွင်းရှိ မြေလွတ် မြေရိုင်းများကို ဖော်ထုတ်၍ နွေစပါး၊ မိုးစပါး အပါအဝင် ဒေသ၌ ဖြစ်ထွန်းသည့် ရော်ဘာ၊ ဆီအုန်းနှင့် ငရုတ်ကောင်းတို့ကို တိုးချဲ့စိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပင်လယ်ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းများကိုလည်း တိုးမြှင့်၍ ပြည်ပပို့ကုန်များကို တိုးချဲ့တင်ပို့နိုင်ရန်၊ နိုင်ငံခြားသုံးငွေတိုးတက်ရရှိရေးတို့ကို ကြိုးပမ်းဆောင်ရွက်နေကြရန်လိုအပ်ကြောင်း။

တိုင်းအတွင်းရှိ ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များသည် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီကာ တစ်ဦး၏လိုအပ်ချက်ကို တစ်ဦးက သိရှိနားလည်ပြီး ဒေသဖွံ့ဖြိုးရေးအတွက် ညီညီညွတ်ညွတ်တက်တက်ကြွကြွဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ ယခုကတည်းက ဒီမိုကရေစီနည်းလမ်းကျကျ လုပ်ကိုင်ကြရန် လေ့ကျင့်နေကြရမည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများ၊ ပြည်သူများပူးပေါင်း၍ ကျရာအခန်းကဏ္ဍမှ တာဝန်ကျေပွန်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မေ ၄ ရက် နံနက် ၈ နာရီတွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ရန်တိုင်းအောင်ခန်းမ၌ မြိတ်တပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့်မိသားစုဝင်များအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက နိုင်ငံတော်၏ ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး မိသားစု တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်သွားကြရေးတို့ကို မှာကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး မြိတ်မြို့ ကမ်းနားလမ်းရှိ ဦးရန်နိုင်၏ ငှက်သိုက်အိမ်သို့ ရောက်ရှိ၍ ခေတ်မီနည်းစနစ်များဖြင့် ဇီဝဖိုးငှက်များ မွေးမြူထားရှိမှုကိုလည်းကောင်း၊ ဦးရန်အေး၏ သဘာဝငှက်အိမ်သို့ ဇီဝဖိုးငှက်များက သဘာဝအလျောက် ငှက်သိုက်အိမ်များလာရောက်ပြုလုပ်နေမှုကိုလည်းကောင်း ကြည့်ရှုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့ ကမ်းနားလမ်းတစ်လျှောက်နှင့် နောက်လယ်ရပ် ကမ်းနားပတ်လမ်းအပိုင်းသို့ ရောက်ရှိကြရာ တိုင်းစည်ပင်သာယာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင်အောင်နှင့် ခရိုင်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးမောင်မောင်အေးတို့က ကမ်းနားလမ်း စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ကမ်းနားလမ်းတစ်လျှောက် ရေတမာအစရှိသည့် အရိပ်ရပင်များနှင့် ပန်းအလှပင်များ စိုက်ပျိုးသွားကြရေး မှာကြားသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လမ်းတိုးချဲ့ရေး ဆောင်ရွက်ထားရှိမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့ လေဆိပ်သို့ ရောက်ရှိကြပြီး မြန်မာ့လေကြောင်းဖြင့် ထွက်ခွာခဲ့ကြရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

ရေဝတီတိုင်းအတွင်း လေဘေးသင့် အိမ်ထောင်စုများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် မေ ၆

ရေဝတီတိုင်းအတွင်း လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မေ ၃ ရက်တွင် ပုသိမ်မြို့ ရေရှေ့ဝါခန်းမ၌ ကျင်းပရာ ရေဝတီတိုင်း သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှုကော်မတီနာယက၊ ရေဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်က သဘာဝဘေးအန္တရာယ် အလိုက်တွေ့ကြုံရတတ်သော ဆိုးကျိုးများ၊ မြန်မာပြည်အတွင်းနှင့် ရေဝတီတိုင်းတို့၌ ရာသီအလိုက် ဖြစ်လေ့ဖြစ်ထရှိသော မိုးကြိုးမုန်တိုင်းများ ဖြစ်စဉ်အတွေ့အကြုံပေါ် မူတည်၍ တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ် ပြန်လည်ထူထောင်ရေး လုပ်ငန်းစီမံချက်များကို ကြိုတင်ရေးဆွဲလုပ်ဆောင်မှု၊ စေတနာရှင်များနှင့် လူမှုရေးအသင်းအဖွဲ့များက တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်မှု၊ လူသားချင်းစာနာထောက်ထားစွာဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များက ဝိုင်းဝန်းကူညီမှုတို့ကို မှတ်တမ်းတင်ကြောင်းဖြင့် အကျယ်တဝင့်ပြောကြားသည်။

ထို့နောက် အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကိုကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်ထံ တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်ရှိ တပ်ရင်းတပ်ဖွဲ့များက လှူဒါန်းသော ဆန်အိတ် ၁၇၈အိတ်နှင့် အဝတ်အစားများကို တိုင်းဦးစီး (ဗိုလ်မှူးကြီး) ဗိုလ်မှူးကြီးတင့်ဆွေကလည်းကောင်း၊ ရေဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ငွေကျပ်သိန်း ၂၀ ကို အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးသိန်းလှိုင်ကလည်းကောင်း၊ ဝေါဗီးရှင်းက လှူဒါန်းသော ငွေကျပ်သိန်း ၆၅၀ ကို တာဝန်ခံ ဒေါက်တာစောအိုက်ဘင်က လည်းကောင်း၊ မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကလှူဒါန်းသော ငွေကျပ် ၄၂၈၁၀၀၀ နှင့် ဆန်အိတ် ၄၀၊ ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ငွေကျပ် ၂၅ သိန်းနှင့် ဆန်အိတ် ၄၀၊ ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ငွေကျပ် ၂၂ သိန်းနှင့် ဆန်အိတ် ၄၀၊ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ဆန်အိတ် ၅၀၊ ရွှေရယ်ဂါးဒင်းကုမ္ပဏီက လှူဒါန်းသော ငွေကျပ်သိန်း ၃၀ နှင့် ရေဝတီတိုင်း ဆန်စက်လုပ်ငန်းရှင်များအသင်းက လှူဒါန်းသော ဆန်အိတ် ၂၅၀ တို့ကို သက်ဆိုင်ရာ အဖွဲ့အစည်းများအလိုက် တာဝန်ရှိသူ

ရေဝတီတိုင်း သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်စောင့်ရှောက်ရေးစီမံခန့်ခွဲမှုကော်မတီ နာယက၊ ရေဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်ထံ လေဘေးသင့် အိမ်ထောင်စုများအတွက် ဝေါဗီးရှင်းက လှူဒါန်းသော ငွေကျပ်သိန်း ၆၅၀ကို တာဝန်ခံ ဒေါက်တာစောအိုက်ဘင်က ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

များကလည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရေဝတီတိုင်း အတွင်းရှိ ကုမ္ပဏီလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် ရေဝတီတိုင်း သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်စောင့်ရှောက်ရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ တိုင်းအုပ်ချုပ်ရေးမှူး ဦးသန်းဝင်းက ရေဝတီတိုင်းအတွင်း သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ စေတနာရှင်၊ အလှူရှင်များက လှူဒါန်းသော အလှူငွေနှင့်ပစ္စည်းများကို လေဘေးသင့်အိမ်ထောင်စုများ လက်ဝယ်သို့ အမြန်ဆုံးပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် စေတနာရှင်၊ အလှူရှင်များ၏ လှူဒါန်းမှုကိုဝမ်းမြောက်ဝမ်းသာ ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားကာ လှူဒါန်းပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရေဝတီတိုင်းအတွင်းရှိ ပင်လယ်ကမ်းခြေဒေသအချို့နှင့် ကုန်းတွင်းပိုင်းဒေသအချို့တို့၌ ဧပြီ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ဖြစ်ပေါ်ခဲ့သော မုန်တိုင်းအရှိန်ကြောင့် လေပြင်းတိုက်ခတ်မှုနှင့် ရုတ်တရက် ရေကြီးမြင့်မှုမှ အိမ်ထောင်စုတချို့ အိုးမဲ့အိမ်မဲ့ဖြစ်ပွားခဲ့ရာ ဒေသဆိုင်ရာ အာဏာပိုင်များ၊ လူမှုရေးအသင်းအဖွဲ့များက လိုအပ်သော ပံ့ပိုးကူညီမှုများကို ချက်ချင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။ ယခုလှူဒါန်းပွဲတွင် ငွေသား အလှူငွေကျပ် ၁၀၅၅၉၂၀၀၀၊ ဆန်အိတ် ၅၉၈အိတ်၊ အဝတ်အထည်မျိုးစုံ ၃၄၅၀ ဖြစ်ပြီး လှူဒါန်းလိုသူစေတနာရှင်များအနေဖြင့် ရေဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၇-၅-၂၀၀၆
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ (၃၈) ဖြာမင်္ဂလာ
၈:၁၀ ၆။ အရေးပြိုင်ပွဲ
၈:၂၀ ၇။ အသွင်သဏ္ဌာန်တောက်သည့် သဇင်တန်ပေါက်တံတား
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Say it in English.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၃၅ ၄။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ “Doraemon”**
၁၁:၅၅ ၅။ **မြန်မာဗီဒီယိုဇာတ်လမ်း “မိတော” (ခန့်စည်သူ၊ အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ–မောင်နန္ဒ)**
၁:၅၀ ၆။ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လင်းခေးမြို့နယ် ဒါးဆိပ်ကျေးရွာ
၂:၀၀ ၇။ အတီးပြိုင်ပွဲ
၂:၁၀ ၈။ ဘိုင်းဒါးရေလှောင်တမံ
၂:၂၀ ၉။ အဆိုပြိုင်ပွဲ
၂:၃၀ ၁၀။ “အားနာလိုက်တာ” (မော့စ်၊ ကျော်ဇာနည်လှိုင်၊ နန်းကလျာလှိုင်) (ဒါရိုက်တာ–စောစန္ဒာလှိုင်)
၂:၄၀ ၁၁။ အကပြိုင်ပွဲ
၂:၄၅ ၁၂။ International News.
၃:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၂၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ –ပထမနှစ် (ရုက္ခဗေဒ၊ သတ္တဗေဒအထူးပြုများ) (ရုက္ခဗေဒ)
၄:၄၅ ၄။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
၅:၀၀ ၅။ ဆိုကြမယ်၊ပျော်ကြမယ်
၆:၀၀ ၆။ ညနေခင်းသတင်း
၆:၃၀ ၇။ မိုးလေဝသအခြေအနေ
၆:၃၅ ၈။ Discovery.
၆:၄၅ ၉။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၆:၅၅ ၁၀။ ဖွံ့ဖြိုးဝေဆာ နားခံစံပြကျေးရွာ
၇:၀၀ ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ကံကောင်းခြင်းအိပ်မက်” (အပိုင်း–၁၂)**
၈:၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ နိုင်ငံတကာသတင်းများ
၁၄။ မိုးလေဝသအခြေအနေ
၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်မိပြီဆိုရင်” (အပိုင်း–၄၂)**
၁၆။ နောက်တစ်နေ့အစီအစဉ်
၁၇။ အစီအစဉ်ပြီး၏။

တိုင်းမှူး ဗိုလ်ချုပ်သာအေး ပညာသင်ဆု ငွေစုစာအုပ်များပေးအပ် စစ်ကိုင်းတိုင်း ပညာသင်ဆုနှင့် ဦးတင်မောင် ပညာသင်ဆု ချီးမြှင့်

နေပြည်တော် မေ ၆

၂၀၀၆ ခုနှစ် စစ်ကိုင်းတိုင်း ပညာသင်ဆုနှင့် ဦးတင်မောင်ပညာသင်ဆု ချီးမြှင့်ခြင်းအခမ်းအနားကို ဧပြီ ၂၇ ရက် နံနက်ပိုင်းက မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဒုတိယတိုင်းမှူးနှင့် တပ်မတော် အရာရှိကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် မြို့မိမြို့ဖများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်း ပညာသင်ဆု မတည်လှူဒါန်းသူအလှူရှင် ဦးတင်မောင်က ပညာသင်ဆုများ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက နည်းပညာကောလိပ်ကျောင်းသား၊ ကျောင်းသူ ၂၀နှင့် ကွန်ပျူတာကောလိပ် ကျောင်းသား၊ ကျောင်းသူ ၂၀တို့အတွက် ပညာသင်ဆု ငွေစုစာအုပ်များကိုလည်းကောင်း၊ အလှူရှင် ဦးတင်မောင်က ဆေးတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူ၁၂ဦး၊ နည်းပညာကောလိပ် ကျောင်းသား၊ ကျောင်းသူ ၂၀၊ ကွန်ပျူတာကောလိပ် ကျောင်းသား၊ ကျောင်းသူ ၁၀ဦးနှင့် စိုက်ပျိုးရေး တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူရှစ်ဦးတို့အတွက် ပညာသင်ဆု ငွေစုစာအုပ်များကို လည်းကောင်း အသီးသီး ပေးအပ်ကြရာ ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူကြသည်။

ဆက်လက်၍ ပညာသင်ဆုချီးမြှင့်နိုင်ရန်အတွက် အလှူငွေများပေးအပ်လှူဒါန်းရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် လူမှုရေးအသင်းအဖွဲ့များမှ လှူဒါန်းငွေကျပ် သိန်း၃၀၀၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ ငွေကျပ် ၁၀သိန်း၊ မြို့မိမြို့ဖများ၊ ကုမ္ပဏီလုပ်ငန်းရှင်များမှ ငွေကျပ် ၂၂၆ သိန်း၊ စုစုပေါင်း ငွေကျပ် ၅၃၆ သိန်းကို ပေးအပ်လှူဒါန်းရာ တိုင်းမှူး၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက အသီးသီး လက်ခံရယူကြသည်။

ယင်းနောက် ပညာသင်ဆုရရှိသူ ကျောင်းသား၊ ကျောင်းသူများကိုယ်စား ဆေးတက္ကသိုလ် ပထမနှစ်ကျောင်းသား မောင်ဖြိုးကျော်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်ကပ်လှူဒါန်း

ထို့မှတစ်ဆင့် တိုင်းမှူးသည် မုံရွာမြို့ မဟာဗောဓိကပါလ ပါဠိတက္ကသိုလ်ကျောင်းတိုက်နှင့် ရန်ကင်းကျောင်းတိုက်တို့သို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး နည်းပညာကောလိပ်ကျောင်းသား၊ ကျောင်းသူများနှင့် ကွန်ပျူတာကောလိပ် ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်ဆု ငွေစုစာအုပ်များ ပေးအပ်စဉ်။

(သတင်းစဉ်)

အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

ရန်ကုန် မေ ၆

(၁၇)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီက ၂၀၀၆ ခုနှစ်အတွက် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲများကို ကျင်းပပေးမည်ဖြစ်ကြောင်း သက်ဆိုင်ရာက မေ ၄ရက်က ထုတ်ပြန်ကြေညာသည်။

ယခုနှစ်တွင် ကျင်းပမည့်ပြိုင်ပွဲများမှာ ဝတ္ထုတို၊ ဆောင်းပါးနှင့်ကဗျာပြိုင်ပွဲ၊ အခြေခံပညာအလယ်တန်းအဆင့်၊ အခြေခံပညာအထက်တန်းအဆင့်၊ တက္ကသိုလ်အဆင့် တပ်မတော်ဆိုင်ရာ အထွေထွေဗဟုသုတ ဉာဏ်စမ်းဖြေဆိုပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲတို့ဖြစ်သည်။

အဆိုပါပြိုင်ပွဲများအနက် ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲများအတွက် သတ်မှတ်ပေးထားသော ဦးတည်ချက်များမှာ နိုင်ငံတော်၏ ဦးတည်ချက်များအနက် လူမှုရေးဦးတည်ချက် (၄)ရပ်ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများအတွက် စာလုံးရေကန့်သတ်ချက်မှာ ဝတ္ထုတိုသည် စာလုံးရေ ၄၀၀၀ မှ ၈၀၀၀ အတွင်း၊ ဆောင်းပါးသည် စာလုံးရေ ၃၀၀၀ မှ ၅၀၀၀ အတွင်း၊ ကဗျာသည် စာလုံးရေ ၃၀၀ မှ ၉၀၀ အတွင်း ပါရှိရမည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲ၏ ခေါင်းစဉ်မှာ "ဘက်စုံဖွံ့ဖြိုးတိုးတက်နေသော မြန်မာနိုင်ငံ" ဖြစ်သည်။

ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲဝင်လိုသူများသည် ပြိုင်ပွဲဝင်စာမူနှစ်စောင်ကိုလည်းကောင်း၊ ဓာတ်ပုံပြိုင်ပွဲဝင်လိုသူများသည် အကြောင်းအရာ Caption နှင့်အတူ ၁၀x ၁၂ လက်မ သို့မဟုတ် ၁၀ x ၁၄ လက်မထက် မငယ်သော အရွယ်အစား Print ပုံလေးပုံအထိကိုလည်းကောင်း ပေးပို့ယှဉ်ပြိုင်နိုင်သည်။ ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း၊ ကိုယ်တိုင်ဓာတ်ပုံရိုက်ကူးကြောင်းနှင့် ပြည်တွင်း၊ ပြည်ပပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်းကို ဝန်ခံချက်၊ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးမှတ်တမ်းအကျဉ်းနှင့်အတူ အတွင်းရေးမှူး၊ အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြည်လမ်း၊ ရန်ကုန်မြို့သို့ ပေးပို့ရမည်။ ပြိုင်ပွဲဝင်စာမူများကို ၂၀၀၆ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင်လည်းကောင်း၊ ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၂၀၀၆ ခုနှစ် အောက်တိုဘာ ၃၀ ရက်တွင်လည်းကောင်း နောက်ဆုံးထား၍ ပေးပို့ရန် သတ်မှတ်ထားပါသည်။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများကို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်သည်။(သတင်းစဉ်)

ပုဗ္ဗနန် တောင်မြို့နယ် အထက(၂) ၂၀၀၅ – ၂၀၀၆ ပညာသင်နှစ် သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲတွင် စတုတ္ထတန်း မှ မောင်ရဲဝင်းလွင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီမေက သင်ယူပြီးမြောက်ခြင်း လက်မှတ် ပေးအပ်စဉ်။

(ပညာရေး)

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ ကဆုန်ညောင်ရေသွန်းပွဲကျင်းပမည်

ရန်ကုန် မေ ၆

ကဆုန်လပြည့်နေ့သည် ဗျာဒိတ်တော်ခံ၊ ဖွား၊ ပွင့်၊ စံ ဟူသော ဗုဒ္ဓမြတ်စွာဘုရား၏ ဘဝဖြစ်စဉ်တော်နေ့ထူးနေ့မြတ်ဖြစ်ပြီး ဗုဒ္ဓနေ့အဖြစ် သတ်မှတ်၍ မြတ်စွာဘုရားရှင်အား အထူးပူဇော်နိုင်ရန် ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ ပရိဝုဏ်အတွင်း ပရိဘောဂစေတီအဖြစ် စိုက်ပျိုးကိုးကွယ်ထားသည့်ဗောဓိပင်အားညောင်ရေသွန်းပူဇော်နိုင်ရန် ကဆုန်ညောင်ရေသွန်းပွဲတော်ကို ၁၃၆၈ ခုနှစ် ကဆုန်လပြည့်နေ့၊ မေ ၁၁ ရက် (ကြာသပတေးနေ့)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ (ကြေးမုံ)

ဆုထူးပန် အဘိဓမ္မာသင်တန်းဖွင့်မည်

ရန်ကုန် မေ ၆

ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူခဲ့သည့် အဘိဓမ္မာတရားများကို ဆုထူးပန် အဘိဓမ္မာ ပြန့်ပွားရေးအဖွဲ့မှ မေ၁၃ရက် (စနေနေ့)မှစ၍ အပတ်စဉ် (စနေ၊ တနင်္ဂနွေနေ့)တိုင်း ပို့ချသွားမည်ဖြစ်သည်။

ခေတ်မီသင်္ကေတ နည်းများဖြင့် သဒ္ဓမ္မဇောတိကဓဇဘွဲ့ရ ဆုထူးပန် ဆရာဟန်က သင်ကြားပို့ချမည်ဖြစ်ရာ သင်တန်းသူ၊ သင်တန်းသား အဟောင်းများနှင့် မည်သူမဆို တက်ရောက်နိုင်ကြောင်းသိရသည်။

သင်တန်းနေရာနှင့် အချိန်များမှာ မေ ၁၃ ရက် (စနေနေ့) နံနက်၈နာရီမှ ညနေ ၃ နာရီအထိ ဗဟန်းမြို့နယ် ငါးထပ်ကြီး ဘုရားလမ်း၊ ဗြဟ္မဝိဟာရဓမ္မာရုံ ညနေ ၅ နာရီမှ ည ၇ နာရီအထိ တာမွေမြို့နယ် သန္တိသုခကျောင်းတော်ကြီး၌ လည်းကောင်း ပို့ချသွားမည်ဟုသိရသည်။ (က–ပ)

လက်ခံယူ

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဗညားဒလလမ်းနေ ဒေါက်တာ ဒေါ်ခင်ဦးမြင့်က ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရငွေ ပဒေသာပင် အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ဆေးရုံ ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိုးဝင်း လက်ခံယူစဉ်။

(က–ပ)



သာကေတမြို့နယ် ချင်းတွင်း ကျန်းမာရေးစောင့်ရှောက်မှု သမဝါယမအသင်း ဝန်ဆောင်မှုလုပ်ငန်းဖြစ်သော သူနာပြု(အကူ) သင်တန်းအပတ်စဉ်(၃) ဆင်းပွဲနှင့် အပတ်စဉ်(၄) ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၉ ရက်က သင်တန်းခန်းမတွင်ကျင်းပရာ မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဦးမြင့်စိုးက ပထမဆုရ သင်တန်းသူ မအေးမာရွှေအား ဆုချီးမြှင့်စဉ်။

(က–ဆ)

မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အမျိုးသား၊ အမျိုးသမီး စက်ဘီးပြိုင်ပွဲကျင်းပမည်

ရန်ကုန် မေ ၆

မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်က ကြီးမှူး၍ (၅၂)ကြိမ်မြောက် အမျိုးသား တံခွန်စိုက် အမျိုးသား၊ အမျိုးသမီး မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား စက်ဘီးပြိုင်ပွဲကို မေ ၂၂ရက်မှ ၂၇ရက် အထိ ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေး စခန်းဝင်းရှိ စက်ဘီးပြိုင်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲ၏ ကွင်းတွင်း(တာတို) ပြိုင်ပွဲများကို မေ ၂၂ ရက်မှ ၂၅ ရက် အထိ ကျင်းပမည်ဖြစ်ရာ အမျိုးသား အမျိုးသမီးမီတာ ၁၀၀၀တစ်ဦးချင်းပြိုင်ပွဲ၊ မီတာ ၈၀၀၊ မီတာ ၁၆၀၀၊ မီတာ ၄၈၀၀နှင့် မီတာ ၁၀၀၀၀ အုပ်စုတစ်ဦးချင်းပြိုင်ပွဲ မီတာ ၄၀၀၀ တစ်ဦးချင်း အမီလိုက်ပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

အမျိုးသားကီလိုမီတာ ၁၆၀နှင့် အမျိုးသမီးကီလိုမီတာ ၈၀တာဝေး စက်ဘီးစီးပြိုင်ပွဲကို မေ ၂၇ရက် နံနက်ပိုင်းတွင် ရန်ကုန်–ပုသိမ်တာ လမ်းမပေါ်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါစက်ဘီးပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲကြမည့် စက်ဘီး အားကစားမောင်မယ်များသည် မေ ၁၉ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဦးဇော်မြင့်ထံသို့ အမည်စာရင်း ပေးသွင်းရမည်ဖြစ်ပြီး ပြိုင်ပွဲနှင့် ပတ်သက်၍ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်(ရန်ကုန်မြို့ လူငယ်အားကစား လေ့ကျင့်ရေးစခန်းဝင်းရှိ သုဝဏ္ဏစက်ဘီးပြိုင်ကွင်း) သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

(သတင်းစဉ်)

ဖွံ့ဖြိုးရေးတက္ကသိုလ်သင်တန်းများ ဇွန် ၁ရက်တွင် ဖွင့်မည်

ရန်ကုန် မေ ၆

၂၀၀၆–၂၀၀၇ ပညာသင်နှစ်အတွက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၌ နှစ်စဉ်ပုံမှန်သင်တန်းများဖြစ်သော မဟာပညာရေးဘွဲ့ (၂)နှစ်သင်တန်း၊ ပညာရေးဘွဲ့ (ဘီအီးဒီ) (၄)နှစ်သင်တန်းများ၊ အလယ်တန်းဆရာအတတ်သင် (၁)နှစ် သင်တန်း၊ ပညာရေးဘွဲ့ (ဘီအီးဒီ) (၁)နှစ်သင်တန်း၊ ပညာရေးဘွဲ့(ဘီအီးဒီ)ပေါင်းကူး(၂)နှစ် သင်တန်းနှင့် ဆရာအတတ်ပညာဒီပလိုမာ (၁)နှစ်သင်တန်းတို့ကို ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းအသီးသီးသို့ တက်ရောက်ကြမည့် သင်တန်းသား၊ သင်တန်းသူများသည် ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ မေလ နောက်ဆုံးပတ်အတွင်း ရောက်ရှိသတင်းပို့ကြရန် ပြည်နယ်/တိုင်း အသီးသီးသို့ အကြောင်းကြားပြီးဖြစ်သည်။ (သတင်းစဉ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မိတ္ထီလာစက်မှုဇုန်တွင် ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❍ ကာကွယ်ရေးဝန်ကြီးဌာနမှ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် နောင်ချိုမြို့၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး နောင်ချိုရိပ်သာ၌ ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ လုပ်ငန်းတာဝန်များ ပိုမိုကြိုးပမ်းဆောင်ရွက်ရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် ကျောက်မဲမြို့နယ် အေးရှားဝေါလ်ကုမ္ပဏီ ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိန်လွင်က ကျောက်မဲခရိုင်အတွင်း ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပြီးစီးမှုနှင့် မျိုးစုဆောင်းထားရှိမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း၊ အေးရှားဝေါလ်ကုမ္ပဏီ စီမံကိန်းမန်နေဂျာ ဒေါ်နန်းကြာလီက တိုးဂိတ်သို့ မော်တော်ယာဉ်များ ဝင်ထွက်သွားလာမှု အခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်စံမြင့်ဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက သက်ဆိုင်ရာများ၏တင်ပြသည့်ကိန်းဂဏန်းနှင့် လက်တွေ့ဆောင်ရွက်ထားရှိမှု ကိုက်ညီမှု ရှိ/မရှိ ကွင်းဆင်းစိစစ်ပြီးမှသာ တင်ပြချက်ပြည့်စုံမှန်ကန်မည်ဖြစ်ကြောင်း၊ တင်ပြသည့် ကိန်းဂဏန်းမှန်ကန် ကိုက်ညီမှုရှိ/မရှိကိုလည်း တာဝန်ရှိသူများက အဆင့်ဆင့်စစ်ဆေး ကြပ်မတ်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် အေးရှားဝေါလ်ကုမ္ပဏီစီမံကိန်း မန်နေဂျာ ဒေါ်နန်းကြာလီက မန္တလေး–လားရှိုး လမ်းမိုင်တိုင်(၄၇/၄)မှ ၁၂၃အထိ ကတ္တရာခင်းမှု၊ တံတားများ တည်ဆောက်မှုနှင့် လမ်းဖြတ်သန်းခ ကောက်ခံနေမှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ယခုအခါ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကို အလေးထားဆောင်ရွက်နေကြောင်း၊ ပြည်ထောင်စု လမ်းမကြီးများနှင့် ဒေသဖွံ့ဖြိုးရေးလမ်းများကို အဆင့်မြှင့်တင် ဖောက်လုပ်လျက်ရှိကြောင်း၊ ကုမ္ပဏီများကလည်း လမ်းများကို အဆင့်မီအောင် ပြုပြင်ထိန်းသိမ်းပေးရန်နှင့် တံတားများကို အချိန်မီပြီးစီးအောင် တည်ဆောက်ရန်၊ လမ်းများ အဆက်အသွယ်ပြတ်တောက်မှု၊ ပိတ်ဆို့မှုများ မရှိစေရေးဆောင်ရွက်ရန် မှာကြားသည်။

ကျောက်မဲခရိုင်တွင် တိုင်းရင်းသားပြည်သူများ ရှစ်သိန်းခန့် နေထိုင်လျက်ရှိပြီး မိုးစပါးအနေဖြင့် ၂၀၀၄–၂၀၀၅ခုနှစ်တွင် လယ် ၈၄၉၈၄ဧက၊ ယာ ၄၈၉၁၂ဧက စိုက်ပျိုးခဲ့ကြောင်း၊၂၀၀၅–၂၀၀၆ခုနှစ်တွင် လယ် ၈၅၁၃၄ဧက လျာထားခဲ့ရာ ဧက ၈၅၅၃၀ စိုက်ပျိုးခဲ့ပြီး မိုးစပါး ၉၅၅၃၄၂၅တင်း ထွက်ရှိခဲ့ကြောင်း၊ ယာစပါးအနေဖြင့် ၄၇၈၉၆ဧကလျာထားခဲ့ရာ ၄၇၉၉၈ဧကစိုက်ပျိုးခဲ့ပြီး ယာစပါး ၂၉၅၈၉၅၃တင်းထွက်ရှိခဲ့ကြောင်း၊ မိုးစပါး ကုန်းမြင့်ယာမြေအနေဖြင့် ၂၀၀၄–၂၀၀၅ခုနှစ်တွင် ၂၉၇၂၅ဧက၊၂၀၀၅–၂၀၀၆ခုနှစ်တွင် ၃၀၀၄၄ဧက စိုက်ပျိုးခဲ့ပြီး ၂၀၀၅–၂၀၀၆ခုနှစ်တွင် မိုးစပါး ၁၅၀၁၀၁၆ တင်း ထွက်ရှိခဲ့ကြောင်း၊ ကျောက်မဲခရိုင်တွင် နွေစပါးအနေဖြင့် ၂၀၀၄–၂၀၀၅ခုနှစ်တွင် ၄၇၂၈ဧက စိုက်ပျိုးခဲ့ပြီး ၂၀၀၅–၂၀၀၆ခုနှစ်တွင် စီမံကိန်းဧက ၄၈၀၀သတ်မှတ်ခဲ့ရာ ဒေသလျာထားချက်အဖြစ်ဧက ၅၂၀၀တိုးမြှင့်လျာထားစိုက်ပျိုးခဲ့ကာ နွေစပါး ၆၈၄၁၁၃တင်း ထွက်ရှိခဲ့ကြောင်း၊ ဒေသဝမ်းစာဖူလုံမှု အနေဖြင့် ၁၂၃ ဒသမ ၆၄ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ကျောက်မဲခရိုင်တွင် ၂၀၀၅–၂၀၀၆ ခုနှစ်တွင် ခြံစည်းရိုးကြက်ဆူပင် ဧက ၃၀၀၀၀စိုက်ပျိုးရန်လျာထားခဲ့ရာ ၈၃၄၁ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း၊ မျိုးစုဆောင်းမှုမှာ အစေ့ ၂၄တင်း၊ အကိုင်း ၄၁၈၆၀၀နှင့် အပင်ပေါက် ၄၆၅၀၀စုဆောင်းပြီးဖြစ်ပြီး ပျိုးထောင်ထားရှိမှုမှာ အစေ့ ၉၁၁၈၀၀၊ အကိုင်း ၂၀၁၅၈၄၀၊ အပင်ပေါက် ၄၂၂၉၄၆ပင် ပျိုးထောင်ထားပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မန္တလေး–လားရှိုး–မူဆယ် ပြည်ထောင်စုလမ်းမကြီး၏သီပေါမြို့အထွက်ရှိ မိုင်တိုင်(၁၃၀/၄)မိုင်၌ ပေ ၄၇၀ရှိ သီပေါတံတားကို ကြည့်ရှုစစ်ဆေးကာ ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဝင်းက တာဝန်ရှိသူများအား တံတားကြီး ရေရှည်ကြံ့ခိုင်ရေးနှင့် ပတ်သက်၍ လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် စဥ့်အင်ရွာအနီး မိုင်တိုင် (၁၅၀/၀)မိုင်၌ နမ့်မချောင်းကို ဖြတ်၍ ပြုပြင်တည်ဆောက်ဆဲ စဥ့်အင်တံတားသစ် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းသို့ ရောက်ရှိကြပြီး တံတားတည်ဆောက်ပြီးစီးမှု အခြေအနေနှင့် စဥ့်အင်တံတားဟောင်း ကြံ့ခိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

အဆိုပါ စဥ့်အင်တံတားကို ကွန်ကရစ် ၄၄ ပေ X ၄ခန်း နှင့် သံပေါင်ပေ ၁၂၀ စုစုပေါင်း ၂၉၆ပေရှည် တံတားအဖြစ် ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည်ညနေပိုင်းတွင် လားရှိုးမြို့သို့ ရောက်ရှိကြရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် တပ်မတော်အရာရှိကြီးများက ကြိုဆိုကြပြီး လားရှိုးမြို့၌ ညအိပ်ရပ်နားကြသည်။

(သတင်းစဉ်)

❒ NLD မှ

ဦးမောင်ဇော်(အဖွဲ့ဝင် မဘိမ်းမြို့)၊ ဦးမောင်နီ(အဖွဲ့ဝင် မဘိမ်းမြို့)၊ ဦးစိန်လင်း(အဖွဲ့ဝင် မဘိမ်းမြို့)၊ ဦးထွန်းရင်(အဖွဲ့ဝင် မဘိမ်းမြို့)၊ ဦးအောင်ဖေ(အဖွဲ့ဝင် မဘိမ်းမြို့)နှင့် ဦးသန်းလွင်ဦး(အဖွဲ့ဝင် မဘိမ်းမြို့)တို့ဖြစ်ကြသည်။

မဘိမ်းမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံးသို့ ပေးပို့ခဲ့သော အဆိုပါ မဘိမ်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ၁၃ဦးတို့၏ နုတ်ထွက်လွှာတွင် ၎င်းတို့သည် မဘိမ်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ၂၀၀၂ ခုနှစ် မတ် ၂၅ရက်တွင် ပြန်လည်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီဝင်အဖြစ် ရပ်တည်စဉ်ကပင် ပါတီနိုင်ငံရေးသန့်သန့်ကိုသာ ဆောင်ရွက်ကာ ဒေသခံပြည်သူလူထု၏ အကျိုးစီးပွားကို အောင်မြင်ထိရောက်စွာ တစ်ဆက်တည်း ဆောင်ရွက်မည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် ပါဝင်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ NLD ပါတီ၏ နိုင်ငံရေးလုပ်ဆောင်မှု အနေအထားမှာ ယုံကြည်ချက်လမ်းကြောင်းပေါ်မှ သွေဖည်လျက်ရှိပြီး ကောင်းမြတ်သော အကျိုးရလဒ်များ ထွက်ပေါ်မလာဘဲ ပါတီဝင်များအချင်းချင်း ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုများ၊ စိတ်ဝမ်းကွဲပြားမှုများနှင့်အတူ ပါတီတွင်းဂိုဏ်းဂဏများ ကွဲပြားလျက်ရှိနေသည်ကိုတွေ့လာရကြောင်း၊ ထို့အပြင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်နိုင်ရန် ပါတီတွင်းလမ်းညွှန်မှု၊ ကူညီပံ့ပိုးမှုမရရှိသဖြင့် ၎င်းတို့သည် ပြည်သူလူထုနှင့်ကင်းကွာလာပြီး သီးခြားအဖွဲ့တစ်ခုသဖွယ်ဖြစ်လာကာ ရပ်ရွာအကျိုးနှင့်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ခြင်းမရှိဘဲ အထီးကျန် သီးခြားလူတန်းစားတစ်ရပ်အသွင်ဖြစ်လာကြောင်း။

ပါတီအနေဖြင့်လည်း ပြည်တွင်းအင်အားကို အလေးမထားဘဲ ပြည်ပအားကိုသာ အလေးထား ဆက်သွယ်ဆောင်ရွက်နေခြင်းများ တွေ့ရှိရသဖြင့် လည်းကောင်း၊ လက်ရှိနိုင်ငံတော်၏ တိုးတက်ဖြစ်ထွန်းနေမှုများကို သိမြင်ပါလျက် မသိကျိုးကျွန်ပြု၍ အဆိုးမြင်ဝါဒစွဲကိုင်ကာ အပြစ်သဘော ဝေဖန်ပြောဆိုနေမှုများကိုလည်းကောင်း ၎င်းတို့အနေဖြင့် လက်ခံနိုင်ခြင်း မရှိတော့ကြောင်း။

၎င်းတို့သည် လက်ရှိတိုင်းပြည်နှင့် လူမျိုးအတွက်အမှန်တကယ် အကျိုးပြုသော သန့်စင်မွန်မြတ်သည့် ရပ်တည်မှုကို လိုလားပြီး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့် အမျိုးသားညီလာခံကို ထောက်ခံသွားမည်ဖြစ်သဖြင့် နိုင်ငံရေးလှေကြုံစီးရန် ကြံရွယ်လျက်ရှိသော လူတစ်စုနှင့်လက်တွဲရန် မလိုတော့သောကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)မှ နုတ်ထွက်ခြင်းဖြစ်ကြောင်းနှင့် မဘိမ်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးကို မေ ၁ရက်မှစတင်၍ ပိတ်သိမ်းပြီးဖြစ်ကြောင်း ဖော်ပြထားသည်။

မဘိမ်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ပါတီဝင် ၂၁ဦးဖြင့်ဖွဲ့စည်းထားခဲ့ရာ ယခုအခါ ဥက္ကဋ္ဌ ဦးခင်ဌွေးအပါအဝင် ပါတီဝင် ၁၃ဦးတို့သည် ၎င်းတို့ကိုယ်တိုင်၏ ဆန္ဒအလျောက် စုပေါင်းလက်မှတ်ရေးထိုး၍ NLD ပါတီမှ နုတ်ထွက်ခဲ့ကြပြီး ဒုတိယဥက္ကဋ္ဌ(၁) ဦးဉာဏ်ရှိန်(ဘဟဲရွာ မိုးမိတ်မြို့)နှင့် ဒုတိယဥက္ကဋ္ဌ(၂) ဦးညိုမှိုင်း(ရပ်ကွက်(၁) မိုးမိတ်မြို့)တို့နှစ်ဦးတို့သည် အခြားဒေသတွင် ရောက်ရှိနေကာ တွဲဖက်အတွင်းရေးမှူး ဦးတင်မောင်သည် ပြစ်ဒဏ်ကျခံနေရကြောင်း၊ အတွင်းရေးမှူး ဦးအောင်ဗိုလ်၊ အဖွဲ့ဝင် ဦးမောင်ဝင်း၊ အဖွဲ့ဝင် ဦးခင်မောင်ထိန်၊ အဖွဲ့ဝင် ဦးမောင်ငယ်နှင့် အဖွဲ့ဝင် ဦးမြင့်ဦးတို့ ငါးဦးတို့သည် ကွယ်လွန်သွားခဲ့ကြပြီးဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)



မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများတိုးလာနိုင်

၂၀၀၆ခုနှစ် မေ ၆ ရက် မွန်းလွဲ ၂နာရီထုတ်ပြန်ချက်
ယနေ့နံနက် ၉း၃၀ နာရီအချိန်ထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီ အတွင်းက ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် ဖြစ်မြဲထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ၊ တနင်္သာရီတိုင်းတွင် ဖြစ်မြဲထက် ၆ဒီဂရီစင်တီဂရိတ်ထိ ပိုခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဖြစ်မြဲခန့်သာရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မိုးကုတ်မြို့တွင် ၁ဒသမ၈၅လက်မ၊ ပြင်ဦးလွင်မြို့တွင် ၁ဒသမ၀၆လက်မ၊ ကန့်ဘလူမြို့တွင် ၁ဒသမ၀၂လက်မ၊ ဟုမ္မလင်းမြို့တွင် ၀ဒသမ၃၅လက်မ၊ ကော့သောင်းမြို့တွင် ၀ဒသမ၂၄လက်မ၊ လားရှိုးမြို့တွင် ၀ဒသမ၁၅လက်မ၊ အမ်းမြို့တွင် ၀ဒသမ၀၈လက်မနှင့် နမ့်စန်မြို့တွင် ၀ဒသမ၀၄လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

၂၀၀၆ ခုနှစ် မေ ၇ ရက် ညနေထိ ခန့်မှန်းချက်

ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ တိုးလာနိုင်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် ၃၅ ဒသမ ၇ ဒီဂရီစင်တီဂရိတ် (၉၆ ဒီဂရီဖာရင်ဟိုက်)
၅–၅–၂၀၀၆

အနိမ့်ဆုံးအပူချိန် ၂၂ ဒသမ ၇ ဒီဂရီစင်တီဂရိတ် (၇၃ ဒီဂရီဖာရင်ဟိုက်)
၆–၅–၂၀၀၆

၀၉း၃၀နာရီအချိန် စိုထိုင်းဆ ၇၂ ရာခိုင်နှုန်း ၆–၅–၂၀၀၆
နေပူသည့်နာရီပေါင်း ၁၀ ဒသမ ၆ နာရီခန့် ၅–၅–၂၀၀၆

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၆–၅–၂၀၀၆	မရှိပါ	မရှိပါ	မရှိပါ
၁–၁–၂၀၀၆မှ ယနေ့အထိ	၁၄၉ မမ (၅ ဒသမ ၈၇ လက်မ)၊	၁၆၉ မမ (၆ ဒသမ ၆၅ လက်မ)	၁၄၀ မမ (၅ ဒသမ ၅၁ လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၅–၅–၂၀၀၆ ရက် ၁၁း၁၅နာရီအချိန်တွင် အနောက်တောင်ဘက်မှ တစ်နာရီ ခုနစ်မိုင်နှုန်း တိုက်ခတ်သည်။

✱ အလဲထိုးပွဲများမှ

၅၇ ကီလို ဖယ်သာဝိတ်တန်းပြိုင်ပွဲ ပွဲစဉ် (၁)တွင် လူလေးအောင် (တောင်ကလေး) ဆေးမအောင်သဖြင့် ကျော်ဆန်း (KLN)က မယှဉ်ပြိုင်ရဘဲ ဆီမီးသို့တက်ရောက်ခွင့်ရသွားသည်။ ပွဲစဉ်(၂)တွင် စောအုန်းမြင့် (မြွေဟောက်မင်း)နှင့် မိုက်ခဲ (ကျွဲမင်း)တို့ ယှဉ်ပြိုင်ထိုးသတ်ကြရာ ပထမအချီ၌ပင် စောအုန်းမြင့်မှာ လူချင်းဆိုင်တိုင်းလဲကျသကဲ့သို့ဖြစ်နေသဖြင့် ခုံဒိုင်က သတိပေးနေရသည်။ မိုက်ခဲက ဘယ်ခြေခင်း ထိုးနေသော စောအုန်းမြင့်အား ဝင်ချုပ်ကာ ၎င်းဘယ်ခြေသလုံးအား သူ၏ ညာခြေမွဲရိုးဖြင့် ဖြတ်ရိုက်ချရာ စောအုန်းမြင့်ပြုတ်ကျနေသည်။ စောအုန်းမြင့်က ဘယ်ထောက် ညာဖြောင့်များဖြင့် တုံ့ပြန်သော်လည်း မိုက်ခဲက တိုးဝင်ကာ တံတောင်ဖြင့်ရိုက်သည်။ ဤသို့ဖြင့် စတုတ္ထအချီ ၂မိနစ် ၄၉စက္ကန့်တွင် စောအုန်းမြင့် ဆက်လက်မယှဉ်ပြိုင် နိုင်တော့ဘဲ အမှတ်စဉ် ရေတွက်ခံကာ အရှုံးပေးသွားရသည်။

ပွဲစဉ် (၃) ရွှေရခိုင် (ရွှေဒေါပုံ)နှင့် ဒေါနပန်း(ကျွဲမင်း)တို့ပွဲတွင် ရွှေရခိုင်က ပွဲအစ၌ ခပ်ကြမ်းကြမ်း ထိုးနေရာ ရွှေရခိုင်၏ ဘယ်ဝိုက်လက်သီးထိသော်လည်း ဒေါနပန်းက သမင်ဆယ်လှမ်း ကျားတစ်လှမ်းဆိုသကဲ့သို့ လက်သီးကြားမှ လွတ်အောင်တိုးဝင်ကာ ချုပ်ဒူးအပီအပြင်တိုက်ရင်း တံတောင်ဖိရိုက်သည်။ ဒေါနပန်း၏ ပိုင်နိုင်သောအချုပ်ပညာတွင် မလှုပ်သာသော ရွှေရခိုင်မှာ တတိယအချီ ၅၇ စက္ကန့်၌ စိတ်ကြိုက်တိုက်ဒူးများကြောင့် ပက်လက်လန်ကာ အရှုံးပေးရလေသည်။

ပွဲစဉ်(၄) ဘိလပ်မြေမောင်မောင်နှင့် စောသဲမင်း (KLN)တို့မှာ ကိုယ်အလေးချိန်တန်းတူသော်လည်း ရိုးရာလက်ဝှေ့ပညာနှင့် သမ္မာကျွာခြားမှုကြောင့် ပထမအချီ ၅၄စက္ကန့်၌ စောသဲမင်း ကြမ်းပြင်ပေါ် ကျောခင်းရသည်။

ပွဲစဉ်(၅)၆၇ကီလို ဝယ်လ်တာဝိတ်တန်းတွင် ရန်ကြီးအောင် (အလင်းရောင်)နှင့် စောဇော်လွင် (KLN)တို့ ဆုံတွေ့ကြသည်။ ၎င်းတို့နှစ်ဦးမှာ စိန်ခေါ်ပွဲများတွင် သူတင်ကိုယ်တင်နွဲကာ သရေပွဲများဖြစ်ခဲ့ကြဖူးသည်။ ယခုပွဲတွင် စောဇော်လွင်က အင်နှင့်အားနှင့် တိုးဝင်ကာ မုန်တိုင်းလက်သီး မိုးကြိုးကန်ချက်များဖြင့် ပွဲသိမ်းရန်ကြိုးစားသော်လည်း ခြေတံ လက်တံသာသော ရန်ကြီးအောင်က ထောက်ဖြောင့်လက်သီးများဖြင့် တုံ့ပြန်ကာ ညာခြေအမြင့်ကန်ချက်များဖြင့် စောဇော်လွင်၏ နားထင်သို့ ကန်ထားသောကြောင့် စောဇော်လွင်ထင်တိုင်းမပေါက်ဘဲ ဒုတိယအချီ ၄၂စက္ကန့်တွင် ဘယ်မျက်ခုံးကွဲကာဆေးရှုံး ရှုံးသွားသည်။

ပွဲစဉ် (၆) ထွန်းထွန်း (၉၀၇-ဒေါနခြေ လှမ်းသစ်)နှင့် မျိုးဆက်သစ် (လယ်/ဆည်)တို့ပွဲမှာ အကဲမသိကြသူချင်းတွေ့ကြသည့်ပွဲဖြစ်သည်။ မျိုးဆက်သစ်က ညာခြေပတ်ကန်ချက်ဖြင့် ထွန်းထွန်းအား အကဲစမ်းရာ ထွန်းထွန်းက အကန်ခံပြီးဘယ်လက်ဖြင့် အပိုင်ဖမ်း၍ ညာဖြောင့်တစ်လုံး အားကုန်ကျုံးလိုက်ရာ အမှတ်စဉ်ပင် ရေစရာမလိုတော့ဘဲ ပထမအချီ ၁ မိနစ် ၅ စက္ကန့်၌ ပွဲသိမ်းသွားသည်။

ပွဲစဉ်(၇) သူရရဲအောင် (မြန်မာပြည်သား) နှင့် ကောင်းစံ (ရွှေဒေါပုံ)တို့ပွဲသည်လည်း ကြည့်ကောင်းလှသော ပွဲတစ်ပွဲဖြစ်သည်။ ပွဲအစတွင် ကောင်းစံက ကရာတေးဆန်ဆန် ခြေစောင်းကန်ချက်များဖြင့် သူရရဲအောင်အား ကြိုးတန်းနားသို့ ပို့ပေးနိုင်သော်လည်း ပွဲအတွေ့အကြုံများနေသောသူရရဲအောင်က ကောင်းစံ လစ်ဟသွားသည့်အကွက်စောင့်ကာ ထောက်ဖြောင့်များသုံးနေသည်။ ဒုတိယအချီမှစကာ သူရရဲအောင်က ဘယ်ဝိုက်ဒူးပစ်သွင်းရင်း တွဲလက်သီးများဖြင့် တိုက်စစ်ဆင်သည်၊ ပူးမိချုပ်မိလျှင်လည်း ပညာသာသော သူရရဲအောင်က ခေါင်းနှင့်ဆတ်၊ တံတောင်နှင့် ရိုက်သဖြင့် ကောင်းစံ ဒဏ်ရာများလာသည်။ တတိယအချီ ၂ မိနစ် ၂၆ စက္ကန့်၌ ငိုက်ဝင်လာသော ကောင်းစံအား သူရရဲအောင်က ဘယ်လက်ဖြင့် လည်ပင်းကို အပိုင်ပွေ့ချုပ်ကာ ညာဒူးတိုက်၍ လဲ့သိပ်လိုက်သည်။

ပွဲစဉ် (၈) တာတိုးဝါး (ဘိလပ်မြေစက်ရုံ) နှင့် အာကာဟိန်း (အလင်းရောင်)တို့ပွဲတွင် တာတိုးဝါးက သူ့ထက်အရပ်ရှည်သောအာကာဟိန်း၏ ထိုးချက်၊ ကန်ချက်များ ထိနေသည့်ကြားမှပင် ကျားစီးဖားစီး ဝင်ထိုးသည်။ မာဂုဏ်သာ၍ လက်သီးအားလည်း ပိုပြင်းသော တာတိုးဝါးကို အာကာဟိန်း မယှဉ်သာဘဲ လဲကျနေသည်။ သို့ရာတွင် အမှတ်စဉ်ရေးတွက်မှု သုံးကြိမ်တိတိ ပြန်ထကာ သူ၏ ဖွဲမာန်ကို ပြနေသေးသည်။ ဒုတိယအချီ၌ တာတိုးဝါး၏ ဘယ်တည့်ဒူးမှန်ကာ လဲကျသွားသဖြင့် စတုတ္ထအကြိမ်မြောက် အမှတ်စဉ် အရေခံရကာ ရှုံးနိမ့်သွားသည်။

ယနေ့ပွဲစဉ်တွင် အနိုင်ရရှိသူများသည် ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်သည်။ မေ ၁၃၊ ၁၄ ရက်များ၌ ကျော်ဆန်း (KLN) နှင့် မိုက်ခဲ (ကျွဲမင်း)၊ ဘိလပ်မြေ မောင်မောင် (ဘိလပ်မြေစက်ရုံ) နှင့် ဒေါနပန်း (ကျွဲမင်း)တို့ ဖယ်သာဝိတ်တန်းအတွက် တွေ့ဆုံကြမည်ဖြစ်သည်။ ဝယ်လ်တာဝိတ်တန်း ဆီမီးဖိုင်နယ်တွင် ရန်ကြီးအောင် (အလင်းရောင်)နှင့် ထွန်းထွန်း (၉၀၇-ဒေါနခြေလှမ်းသစ်)၊ သူရရဲအောင် (မြန်မာပြည်သား) နှင့် တာတိုးဝါး (ဘိလပ်မြေစက်ရုံ) တို့ တွေ့ဆုံကြမည်ဖြစ်ရာ ဗိုလ်လုပွဲတက်နိုင်ရေး ကြားရက်ထဲတွင် အားမွေးထားကြပေလိမ့်မည်။

၂၀၀၆ ခုနှစ် တတိယ အကြိမ် မြန်မာ့ရိုးရာ လက်ဝှေ့ ရွှေခါးပတ် ချန်ပီယံ ပြိုင်ပွဲ ဝယ်လ်တာ ဝိတ်တန်း (၆၇)ကီလို တန်းတွင်ထွန်းထွန်း (ဒေါန ခြေလှမ်းသစ်)နှင့် မျိုးဆက်သစ်(လယ်/ဆည်) တို့ အကြိတ်အနယ် ထိုးသတ် ကြစဉ်။

ဓာတ်ပုံ-စိုးညွှန့်
(ကြေးမုံ)

ညောင်ရေသွန်းပွဲတော်

ရန်ကုန် မေ ၆

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မိုးကောင်းလမ်း မဟာဗောဓိပရိယတ္တိစာသင်တိုက်အတွင်း တည်ထားကိုးကွယ်သည့် မဟာဗောဓိ အောင်တော်မူမြတ်စွာဘုရားအား ကဆုန်လပြည့်နေ့တွင် ဗုဒ္ဓပူဇနိယ ညောင်ရေသွန်းပွဲ ကျင်းပမည်ဖြစ်ရာ ကြွရောက်ပူဇော်နိုင်ကြောင်း သိရသည်။ (က-ပ)

မေ ၇ ရက် (ယနေ့) ပွဲစဉ်များကို မွန်းလွဲ ၂ နာရီ၌ပင် စတင်ကျင်းပမည်ဖြစ်ရာ ဘင်တန်ဝိတ်တန်းတွင် သားရွှေသွေး (တောင်ကလေး)နှင့် ရွှေဖလား (KLN)၊ အသဲစွဲ(ဘိလပ်မြေစက်ရုံ) နှင့် လက်သီးမောင်မောင် (မြားနက်)၊ လိုက်ဝိတ်တန်းတွင် စောသဲမျိုး (KLN) နှင့် သမိန်ရာဇာ(မလှိုင်)၊ ဟိန်းညီညီ (အလင်းရောင်) နှင့် စစ်အောင် (ဘိလပ်မြေစက်ရုံ)၊ ရွှေနိုင်ထွန်း (မြွေဟောက်မင်း)နှင့် ဝင်းထွန်း (လယ်/ဆည်)၊ လိုက်ဝယ်လ်တာဝိတ်တန်းတွင် မိုက်တိုင်စန် (အလင်းရောင်)နှင့် စောဝီလျံသိန်း(မရမ်းကုန်း)၊ ကြယ်လင်းအောင် (တောင်ကလေး) နှင့် အောင်ဇေယျ (ဘိလပ်မြေစက်ရုံ)၊ စောဖွဲလေး (KLN) နှင့် ဖိုးစိုး (အလင်းရောင်) တို့ ကွာတာဖိုင်နယ် ပွဲစဉ်များအဖြစ် ယှဉ်ပြိုင်ကြမည်။

ယနေ့ပွဲစဉ်များတွင် ပါဝင်ယှဉ်ပြိုင်ထိုးသတ်ကြမည့်သူများမှာ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး အမြောက်အမြား ထိုးသတ်ခဲ့ကြသည့် နာမည်ကျော်များဖြစ်ကြသည်။ ၎င်းတို့၏ လက်ဝှေ့ပညာဖြင့် ကွာတားဖိုင်နယ်မှ မည်သို့ဖြတ်ကျော်၍သွားကြမည်ကို ကြည့်ရှုကြရမည်ဖြစ်သည်။ (ကြေးမုံ)

မြန်မာ - လာအို ဗဟိုအဆင့် နယ်စပ်အာဏာပိုင်များအဖွဲ့ ညှိနှိုင်းအစည်းအဝေး မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

ရန်ကုန် မေ ၆

မြန်မာ-လာအို ဗဟိုအဆင့် နယ်စပ်အာဏာပိုင်များအဖွဲ့၏ ညှိနှိုင်း အစည်းအဝေးကို မေ ၄ ရက်တွင် တာချီလိတ်မြို့၌ ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်၍ တက်ရောက်ခဲ့ပြီး လာအိုကိုယ်စားလှယ်အဖွဲ့အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဖုန်ဆာဗတ် ဘိုဖာ ခေါင်းဆောင်၍ တက်ရောက်ခဲ့သည်။

ညှိနှိုင်းအစည်းအဝေးတွင် နှစ်ဖက်ကိုယ်စားလှယ် အဖွဲ့ဝင်များသည် နှစ်နိုင်ငံနယ်စပ်ဒေသ လုံခြုံမှုနှင့်တည်ငြိမ်အေးချမ်းမှုရှိရေး၊ နယ်စပ်စစ်ဆေးရေးစခန်းများကိစ္စ၊ မဲခေါင်မြစ်ကြောင်းသွားလာရေးနှင့် နယ်နိမိတ်ဆိုင်ရာကိစ္စရပ်များကို ခင်မင်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းကြပြီး ၂၀၀၅ ခုနှစ် အောက်တိုဘာလက ဗီယင်ကျန်းမြို့၌ ကျင်းပခဲ့သည့် မြန်မာ-လာအို ဗဟိုအဆင့် နယ်စပ်အာဏာပိုင်များအဖွဲ့၏ ပဋ္ဌမအကြိမ်အစည်းအဝေး သဘောတူညီချက် မှတ်တမ်းပါ အချက်အလက်များ အကောင်အထည်ဖော်မှု အခြေအနေများကိုလည်း ဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၄ ရက်တွင် လာအို ဒုတိယနိုင်ငံခြားရေးဝန်ကြီး၏ ဖိတ်ကြားချက်အရ တာချီလိတ်မြို့နယ်ရှိ ဝမ်ပုံမှ တစ်ဆင့် လာအိုနိုင်ငံဘက်သို့ လာအိုကိုယ်စားလှယ်အဖွဲ့နှင့်အတူ သွားရောက်ခဲ့ပြီး လာအိုနိုင်ငံ ဘိုကီယိုပြည်နယ်၌ မြန်မာနိုင်ငံ၏ ကူညီမှုဖြင့် တည်ဆောက်ထားသော တုန်ဖန်းဆည်နှင့် ဘက်စုံစိုက်ပျိုး မွေးမြူရေးခြံတို့သို့ သွားရောက် ကြည့်ရှုလေ့လာကြကာ စိုက်ပျိုးရေးခြံအတွက် သီးနှံမျိုးစေ့များကို မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်က ချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် လွှဲပြောင်းပေးအပ် လှူဒါန်းခဲ့သည်။

မြန်မာကိုယ်စားလှယ် အဖွဲ့သည် လာအိုနိုင်ငံ ဘိုကီယိုပြည်နယ်၏ မြို့တော်ဟွေဆိုင်း၌ ညအိပ်ရပ်နားကာ မေ ၅ ရက်တွင် တာချီလိတ်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

(သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့် ရန်ကုန်မြို့မှ မန္တလေးမြို့သို့ထွက်ခွာမည့် မြဧရာ ဈေးသင်္ဘောကြီးကို ကြည့်ရှုစစ်ဆေးစဉ်။ (ပို့ဆောင်ရေး)

မြဧရာ ဈေးသင်္ဘောကြီး မန္တလေးမြို့သို့ ထွက်ခွာ

ရန်ကုန် မေ ၆

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်သည် ဌာနမှူးများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ဗိုလ်တထောင် ဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော ရန်ကုန်-မန္တလေး မြဧရာ ဈေးသင်္ဘောကြီးနှင့် ဈေးတွဲနှစ်တွဲပေါ်သို့ရောက်ရှိလာပြီး ရေယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ဈေးသင်္ဘောကြီးနှင့်လိုက်ပါမည့် ရေယာဉ်လိုက် ဝန်ထမ်းများနှင့် လုံခြုံရေး ရဲတပ်ဖွဲ့ဝင်များ စနစ်တကျရှိရေး၊ ဈေးသည်များ၏ ဆိုင်ခန်းခင်းကျင်းထားရှိမှုအခြေအနေ၊ ဈေးရောင်းချနေမှု အခြေအနေ၊ ကုန်ပစ္စည်းများတင်ဆောင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယနေ့ ထွက်ခွာသည့် မြဧရာဈေးသင်္ဘောကြီးနှင့် ဈေးတွဲ နှစ်တွဲ၌ ဆန်၊ ဆီ၊ ဆားနှင့် စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ပရိဘောဂများနှင့် ဌာနဆိုင်ရာကုန်ပစ္စည်းများ စုစုပေါင်း အလေးချိန် ၁၂၃၇တန် သယ်ဆောင်သွားသည်။ (သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

၆-၅-၂၀၀၆

ချောက်
၄၂ ဒီဂရီ စင်တီဂရိတ်
(၁၀၈ ဒီဂရီ ဖာရင်ဟိုက်)

မင်းဘူး၊ မကွေးနှင့် ပခုက္ကူ
၄၁ ဒီဂရီ စင်တီဂရိတ်
(၁၀၆ဒီဂရီ ဖာရင်ဟိုက်)

မုံရွာနှင့် ညောင်ဦး
၄၀ ဒီဂရီ စင်တီဂရိတ်
(၁၀၄ ဒီဂရီ ဖာရင်ဟိုက်)

သက်တန်းအလိုက် လူငယ်တံခွန်စိုက်နှင့် အမျိုးသမီးတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၆

မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်မှ ကြီးမှူးကျင်းပမည့် ၂၀၀၆ခုနှစ် (၈)ကြိမ်မြောက် အမျိုးသမီး တံခွန်စိုက်နှင့် သက်တန်းအလိုက်(၁၂၊ ၁၄၊ ၁၆၊ ၁၈၊ ၂၀) နှစ်နှင့်အောက် လူငယ်တံခွန်စိုက်ပြိုင်ပွဲများကို မေ ၉ရက်မှ ၁၆ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း ကရာတေးဒိုခန်းမတွင် ကျင်းပမည်ဖြစ်သည်။

ရွေးချယ်မည်

အမျိုးသမီး တံခွန်စိုက်ပြိုင်ပွဲမှ ၂၀၀၆ခုနှစ် တစ်နှစ်တာ အမျိုးသမီးချန်ပီယံနှင့် ပဏာမအမျိုးသမီး မြန်မာ့လက်ရွေးစင်များ ရွေးချယ်မည်ဖြစ်သည်။ သက်တန်းအလိုက် လူငယ်တံခွန်စိုက်ပြိုင်ပွဲများမှ ထူးချွန်ထက်မြက်သည့် လူငယ်အားကစားသမားများအား ဇွန်လအတွင်း အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ကျင်းပမည့် အာဆီယံ သက်တန်းအလိုက် လူငယ်တံခွန်စိုက်ပြိုင်ပွဲသို့ စေလွှတ်မည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်ကြမည့် အမျိုးသမီးများနှင့် လူငယ်အားကစားသမားမောင်မယ်များသည် မေ ၇ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် (အောင်ဆန်းကစားပြိုင်ဝင်း)သို့ စာရင်းပေးသွင်းရမည်ဖြစ်သည်။ (ကြေးမုံ)

ထူးထူးခြားခြားအင်တာနက်သတင်း

မီးလောင်စဉ် ငါးထပ်တိုက်ပေါ်မှ ပစ်ချခံရသူ ရှစ်လသားကလေးငယ် ကံကောင်းထောက်မ၍ အသက်မသေ

ဂျိုဟန်နက်စဘတ် မေ ၆

တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စဘတ်မြို့လယ်ရှိ ငါးထပ်တိုက်အဆောက်အအုံတစ်ခု မီးလောင်ရာ မိခင်တစ်ဦးပိတ်မိနေပြီး ရှစ်လသားအရွယ်ရှိ ၎င်း၏ ကလေးငယ်ကို မီးမလောင်စေရန် တိုက်ပေါ်မှပစ်ချခဲ့ကြောင်း၊ သို့ရာတွင် ၎င်းကလေးငယ်မှာ အုံဩဖွယ်ကောင်းလောက်အောင် ကုသိုလ်ကံ ကောင်းမွန်မှုကြောင့် အသက်ဘေးမှလွတ်မြောက်ခဲ့ကြောင်း ဒေသခံမီဒီယာ သတင်းဌာနက သောကြာနေ့တွင် ဖော်ပြသည်။

အဆိုပါ ငါးထပ်လူနေအဆောက်အအုံသည် လင်မယား ကတောက်ကဆဖြစ်ပွားရာမှ မီးလောင်ခြင်းဖြစ်သည်။

ကြောက်ရွံ့တုန်လှုပ်နေသည့် ဝိုင်းအုံကြည့်ရှုနေသူများက အဆောက်အအုံ၏ ငါးထပ်ရှိ မီးလောင်နေသည့်အဆောင်တွင်ရှိနေသော အမျိုးသမီးကို စောင့်ကြည့်နေကြသည်။ ၎င်းအမျိုးသမီးက သူမ၏ ရှစ်လသား ကလေးကို တင်းကျပ်စွာ ပွေ့ချီထားပြီး ကြောက်လန့်တကြား အော်ဟစ်နေသည်။

မီးလောင်မှုအခြေအနေသည် တစ်စထက်တစ်စ ဆိုးရွားလာသဖြင့် အဆိုပါ အမျိုးသမီးမှာ ကြံရာမရဖြစ်ပြီး ၎င်း၏ကလေးငယ်ကို အောက်သို့ပစ်ချခဲ့သည်။

ကလေးငယ်သည်မြေပြင်သို့ ဇောက်ထိုးမိုးမျှော်ကျဆင်းလာရာ မိုက်ကယ်အင်လိုဗူဆိုသူက မွေ့ရာပေါ်မကျနိုင်သည်ကိုသိရှိ၍ အောက်မှဖမ်းပွေ့နိုင်ခဲ့ခြင်းကြောင့် ကံကောင်းထောက်မစွာ အသက်ရှင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ မီးလောင်မှုကြောင့် တစ်ဦးသေဆုံးပြီး၊ သုံးဦးဒဏ်ရာရရှိခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင်အသင်းများ၏ ပုံရိပ်လွှာ

အုပ်စုကျပ်ထဲက အာဂျင်တီးနား ဒုတိယဆင့် တက်ရောက်နိုင်



ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အကြို

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် အုပ်စုများရေးဆွဲပြီးနောက်တွင် မိမိတို့၏အမျိုးသား လက်ရွေးစင်အသင်း အုပ်စုကျပ်ထဲသို့ ကျရောက်ခဲ့သည်ဟု အာဂျင်တီးနားပြည်သူများ ခံစားလိုက်ရသည်။ အာဂျင်တီးနားနှင့်တစ်အုပ်စုထဲ ကျသောအသင်းများမှာ အိုင်ဗရီကို့(စ်)၊ ဆားဗီးယားနှင့် မွန်တီနီဂရိုး၊ ဟော်လန်တို့ ဖြစ်သည်။

၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အာဂျင်တီးနားသည် ပထမအဆင့် အုပ်စုပတ်လည်မှ လှည့်ပြန်ခဲ့ရသည်ကို ပရိသတ်များ အမှတ်ရလိမ့်ဦးမည်။ ၎င်းအဖြစ်အပျက်ကို ယနေ့တိုင် အာဂျင်တီးနား ဘောလုံးဝါသနာရှင်များ ခံစားနေရဆဲဖြစ်သည်။ ယခုတစ်ကြိမ်တွင်လည်း ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲကလိုပင် အုပ်စုမှ လှည့်ပြန်ခဲ့ရမလားဆိုသော အတွေးများ အာဂျင်တီးနားပြည်သူများ၏ ရင်ထဲမှာ ကိန်းအောင်းလျက်ရှိသည်။

အာဂျင်တီးနား ပြည်သူများက သူတို့၏ အမျိုးသားလက်ရွေးစင်အသင်းပေါ် စိုးရိမ်စိတ်ဝင်လည်း ဝင်စရာကောင်းသည်။ နောက်ဆုံးခြေစစ်ပွဲ သုံးပွဲတွင် နှစ်ပွဲရှုံးသည်။ ဥရုဂွေးနှင့် ပါရာဂွေးအသင်းများကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးသည်။

ပြီးခဲ့သောနှစ် နိုဝင်ဘာလက အာဂျင်တီးနားသည် အင်္ဂလန်နှင့် ချစ်ကြည်ရေးပွဲ တစ်ပွဲကစားသည်။ အင်္ဂလန်အသင်းကို ၃ဂိုး-၂ဂိုးဖြင့် ရှုံးသည်။

အသင်းအပေါ် ယခုတိုင် စိတ်တိုင်းမကျသေးပါဟု နည်းပြဆရာ ပက်ကားမင်း(န်)က ဝန်ခံသည်။ ဒဏ်ရာရ၍ ရက်ရှည်နားရသော ကွင်းလယ် ကစားသမားများဖြစ်သည့် ဂျာဗီယာမက်ချူးရန်း(န်)နီနှင့် ဂျူအန်ရိုမန်တို့နှင့် မည်သည့် ကစားသမားများအား တွဲဖက်ကစားခိုင်းရမလဲဆိုသည့်ကိစ္စကို ယခုတိုင် မဆုံးဖြတ်ရသေးဘဲ ဖြစ်နေသည်။

အာဂျင်တီးနား အသင်း နည်းပြ ဟိုဆေး ပက်ကာမင်း။

(ဓာတ်ပုံ-အင်တာနက်)

လက်ရှိဂိုးသမား ရောဘတ်တိုအက်(ဘ်)ဘိုဒန်ဇီးယာရီမှာ အသင့်တော်ဆုံး ဖြစ်၊ မဖြစ်ကိုလည်း ဘောလုံးဆရာကြီးများက ထောက်ပြသည်။ မကြာမီက ကစားခဲ့သောပွဲများကို ကြည့်ပြီး နောက်တန်းလုံခြုံစိတ်ချမှုမရှိဘဲဖြစ်နေသည်။ နောက်တစ်ချက်မှာ လူစားထိုးရန် လူမရှိဘဲဖြစ်နေသည်။ ဒဏ်ရာရထားသော ဟိန်ဇ်နေရာကို အစားထိုးရန် ခက်နေသည်။

သို့သော်အဓိကပြဿနာမှာရှေ့တန်းဖြစ်သည်။ တိုက်စစ်မှူး ခရက်စပိုသည် ချယ်လ်ဆီးအသင်းတွင် ကစားရ



၂၀၀၅ ခုနှစ် အောက်တိုဘာ ၁၂ ရက်က မွန်တီဗီဒီယိုမြို့တွင် ကျင်းပသော ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲတွင် အာဂျင်တီးနားအသင်းမှ ခရစ္စတီယန် ဂွန်ဇာလက်(ဇ်)နှင့် ဥရုဂွေးအသင်းမှ ရစ်ချက် မိုရားလက်စ်တို့ ဘောလုံးရရှိရေး ယှဉ်ပြိုင်ကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂမ်ဆိုင်း

သည်ကို ခြေတွေ့သော်လည်း အာဂျင်တီးနားလက်ရွေးစင်အသင်း၌ မည်သို့မျှ အထောက်အကူမရဘဲ ဖြစ်နေသည်။ ကာလို့(စ်)တဲယ်ဗစ်(ဇ်) နှင့် လီအိုနယ် မက်ဆီ စသော လူငယ်တိုက်စစ်မှူးများရှိသည်။ ကာလို့(စ်)မှာ ပထမ၁၁ဦးထဲမဝင်နိုင်သေးဘဲရှိသည်။ မက်ဆီက အတွေ့အကြုံလိုသေးသည်။

အင်္ဂလန်အသင်းကို ရှုံးပြီးနောက် အာဂျင်တီးနားသည် ကာတာကို ၃-၀ ဖြင့် နိုင်သည်။ နည်းပြဆရာ ပက်ကားမင်း(န်)က ဥရောပအသင်းများနှင့် ချစ်ကြည်ရင်းနှီးမှုယူထားလိုသည်။ သို့မှသာ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အဆင်ပြေပြေနှင့် လျှောက်လှမ်းနိုင်လိမ့်မည်ဟု မျှော်လင့်ထားသည်။

နည်းပြဆရာဟောင်း ကစားခဲ့သော ၃-၃၊ ၁-၃ ပုံစံအတိုင်း ပက်ကားဆေး ဆက်လက်ကစားခဲ့သည်။ ခံစစ်သမား ဂျူအန်ပါဘလိုသည် တိုက်စစ်ဆင်ရာတွင် လိုက်ပါကစားနိုင်သူဖြစ်သည်။ စိတ်အားထက်သန်စွာ ကစားတတ်သူဖြစ်သည်။ သို့သော် ကစားသမားအချို့သည် သတ္တိရှိရှိကစားမည့် စိတ်ဓာတ်လိုအပ်နေကြသည်။

ဤကဲ့သို့သော အားနည်းချက်နှင့် စိုးရိမ်ကြောင့်ကြမှုများကို စောစောစီးစီး ဖယ်ရှားထားဖို့လိုသည်။ သို့မဟုတ်ပါကအသင်း၏ စိတ်ဓာတ်ပိုင်းဆိုင်ရာများကို ထိခိုက်စေလိမ့်မည်။ ထို့အပြင် စိုးရိမ်ပူပန်မှုများလည်း မြင့်တက်လာနိုင်သည်။ အာဂျင်တီးနားအသင်းသည် စုစုစည်းစည်း ညီညီညွတ်ညွတ်နှင့် ပူးပေါင်းမလုပ်ဆောင်နိုင်ခဲ့လျှင် ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲကလိုပင် အုပ်စုမှ လှည့်ပြန်သွားရနိုင်သည်။

မည်သို့ပင်ဖြစ်စေ အစဉ်အလာလည်းရှိပြီး ဘောလုံးအင်အားကြီးနိုင်ငံတစ်ခုလည်းဖြစ်သော အာဂျင်တီးနားသည် အုပ်စု (ဂ)တွင် ဒုတိယ ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်သော အသင်းတစ်သင်းဖြစ်ကြောင်း သုံးသပ်မိပါသည်။ ။

မေ ၆ ရက်က ဝါဆောတွင် ကျင်းပသည့် J & S Cup တင်းနစ်ပြိုင်ပွဲတွင် ကလစ်စတား၏ ယှဉ်ပြိုင်ကစားဟန်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဝါဆောတင်းနစ်ပြိုင်ပွဲ ဘယ်လ်ဂျီယံသူ ကလစ်စတားဗိုလ်လုပွဲတက်

ဝါဆော မေ ၆

ပိုလန်နိုင်ငံ မြို့တော် ဝါဆောတွင် စနေနေ့ကကျင်းပသည့် J & S Cup တင်းနစ်ပြိုင်ပွဲတွင် အကြိုဗိုလ်လုပွဲအဖြစ် ကမ္ဘာ့နံပါတ် (၂)အဆင့်ရှိ အမျိုးသမီးတင်းနစ်မယ် ကဒ်ကလစ်စတားနှင့် ရုရှားတင်းနစ်မယ် အယ်လင်နာဒီမန်တီဗာတို့ ယှဉ်ပြိုင်ကစားကြရာ ဘယ်လ်ဂျီယံသူ ကလစ်စတားက ၇-၅၊ ၆-၄ဖြင့် အနိုင်ရရှိပြီး ယခုနှစ် တင်းနစ်ရာသီအတွင်း ဒုတိယအကြိမ် ဗိုလ်လုပွဲအဆင့်သို့ ရောက်ရှိသွားပြီဖြစ်သည်။

ကလစ်စတားသည် ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက ဘယ်လ်ဂျီယံတွင် ကျင်းပသော Anterwerp တင်းနစ်ပြိုင်ပွဲဗိုလ်လုပွဲတွင် ပြင်သစ်လူမျိုး တင်းနစ်မယ် အမ်မယ်လီမော်ရက်စ်မိုအား ရှုံးခဲ့သည်။ ယခုကျင်းပသည့် ပြိုင်ပွဲတွင်မူ ကလစ်စတားက ဒီမန်တီဗာနှင့် ၁၃ ကြိမ် ယှဉ်ပြိုင်ကစားခဲ့ရာတွင် ၁၀ ကြိမ်အထိ အနိုင်ရရှိသည့် စံချိန်ကို တင်နိုင်ခဲ့သည်။

ကလစ်စတားသည် တနင်္ဂနွေနေ့တွင်ကျင်းပမည့် ဗိုလ်လုပွဲတွင် အောင်ပွဲခံအနိုင်ရရှိရန်အတွက် အစွမ်းကုန်ယှဉ်ပြိုင်ဖွယ်ရှိသည်။ သူမသည် ဗိုလ်လုပွဲတွင် အနိုင်ရရှိမည်ဆိုပါက နိုင်ငံတကာပွဲများတွင် ၃၁ ကြိမ်မြောက် အောင်ပွဲခံနိုင်မည် ဖြစ်သည်။

ကလစ်စတားသည် ဗိုလ်လုပွဲတွင် ရုရှားတင်းနစ်မယ် တစ်ဦးဦးနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အင်တာနက်။

အနန္တကျေးဇူးရှင် နှစ်ဖက် အမိအဖတို့အား အမှူးထား၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံလမ်းသွယ်နေ သီဟသူရ ဦးသိန်းထွန်းတင်-ဒေါ်အမာသင်း၊ သား-မောင်သိန်းဇော်၊ သားသမီးမြေးမြစ် မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း၊ မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် ငါးသိန်းငါးသောင်းကို ပိဋကနှစ်ပုံအောင် ဆရာတော် ဘဒ္ဒန္တဇဋိလထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ-နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

နှစ်ဖက်သော မိဘများနှင့် အစ်ကိုများအားရည်စူး၍ တောင်ဥက္ကလာမြို့နယ် ၁၄/၂ ရပ်ကွက် ဒေါင်းမင်းလမ်းနေ ဦးကျော်နိုင်-ဒေါ်သင်းသင်းလှ၊ သမီး ထက်ထက်ထူးဝေ၊ ထက်နွယ်လင်း မိသားစုက ဥက္ကလာပစေတီတော် ရှေးဟောင်း ခုနစ်ဆူဘုရားဝင်းအတွင်း တည်ဆောက်နေသော နှစ်ကျိပ်ရှစ်ဆူ သိမ်တန်ဆောင်းတော်ကြီးအတွက် အလှူငွေကျပ် ခြောက်သိန်းကို မေ ၃ရက်က ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သွင်နှင့် ဂေါပကအဖွဲ့ဝင် ဦးဝေမင်းတို့က လက်ခံစဉ်။ (၆၄)

ကဆုန်လပြည့်နေ့ ကုသိုလ်ဖြစ် ပြေးဆွဲပေးမည်

ရန်ကုန် မေ ၆

လှိုင်သာယာမြို့နေ ဦးခင်အောင်-ဒေါ်ခင်မြင့်သူ မိသားစုက မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီဌာနခွဲ(၂) စီမံမှုအောက်ရှိ ယာဉ်အမှတ် ၅ခ/၂၉၁၅၊ ၁က/၇၀၈၀၊ ၆က/၇၇၁၅ နှင့် ၅က/၃၂၀၉ ယာဉ်လေးစီးကို မေ ၁၁ ရက် (ကဆုန်လပြည့်နေ့)တွင် အခမဲ့ယာဉ်ဆိုင်းဘုတ်ချိတ်ဆွဲလျက် ၁၂၈လိုင်း လှိုင်သာယာ-ဒဂုံဈေးအဝေးပြေး-အောင်မင်္ဂလာအဝေးပြေး၊ ၅၄လိုင်း ပုဇွန်တောင်-အေဘီစီ-လှိုင်သာယာ နည်းပညာတက္ကသိုလ်၊ ၁၂၉လိုင်း လှိုင်သာယာ-ဆူးလေသို့ တစ်နေကုန် ကုသိုလ်ဖြစ် ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူနိုင်ရန်အတွက် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အင်းလျားလမ်းနေ ဦးဝင်းဦး-ဒေါက်တာဒေါ်ချိုချို၊ သမီး ဝင်းမြတ်မှူးခင်၊ ဆုမြတ်ဖူးခင်မိသားစုက အင်္ဂါထောင့် အောက်ပစ္စယံရှိ ကလသာအိုးတစ်လုံး ရွှေသင်္ကန်းကပ်ရန်အတွက် အလှူတော်ငွေ ကျပ်နှစ်သိန်းငါးသောင်းကို မေ ၄ရက်က ဘုရားကြီးရင်ပြင်တော်တွင် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဘိုကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (၆၁)

ရှောင်လေဝေးဝေး မူးယစ်ဆေး

စဉ့်အင်တံတား ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း စဉ့်အင်တံတားကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်နှင့် ကျောက်မဲမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တာဝန်ရှိသူများ လိုက်ပါလျက် ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးရန် မေ ၃ရက် နံနက်ပိုင်းတွင် နေပြည်တော်မြို့တော်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ မိတ္ထီလာမြို့ရှိ နယ်မြေခံတပ်သို့ ရောက်ရှိပြီး မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မန္တလေးမြို့သို့ ဆက်လက်ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် မိတ္ထီလာစက်မှုဇုန် ခြစ်ညည်းရိုးကြက်ဆူပင် စိုက်ဧက ၂၃၉ ဧကကွက်မှ ဦးတင်အောင်၏ ခြစ်ညည်းရိုးကြက်ဆူပင် ဧက ၄၀စိုက်ခင်းသို့ သွားရောက်ကြည့်ရှု၍ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆက်လက်ထွက်ခွာလာရာ ညနေပိုင်းတွင် မန္တလေးမြို့သို့ ရောက်ရှိကြသည်။

ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် မေ ၄ ရက် နံနက်ပိုင်းတွင် နောင်ချို-ကျောက်မဲ-လားရှိုးကားလမ်း ဘေးဝဲ/ယာ တစ်လျှောက်၌ နွေစပါးနှင့် သီးနှံများ ဖြစ်ထွန်းအောင်မြင်မှုနှင့် လမ်းတံတားပိုင်းဆိုင်ရာ အခြေအနေများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❍

NLD ပါတီ၏ နိုင်ငံရေးလုပ်ဆောင်မှုအနေအထားမှာ ယုံကြည်ချက်လမ်းကြောင်းပေါ်မှ သွေဖည်လျက်ရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရန် ပါတီတွင်းလမ်းညွှန်မှု၊ ကူညီပံ့ပိုးမှုမရရှိ ပြည်တွင်းအင်အားကို အလေးမထားဘဲ ပြည်ပအားကိုသာ အလေးထားဆက်သွယ် ဆောင်ရွက်နေ နိုင်ငံရေးလှေကြုံစီးရန် ကြံရွယ်လျက်ရှိသော လူတစ်စုနှင့်လက်တွဲရန် မလိုတော့သောကြောင့် မဘိမ်းမြို့နယ် NLD ရုံးကို ပိတ်သိမ်းပြီး ပါတီဝင်အဖြစ်မှ စုပေါင်းနုတ်ထွက်

ရန်ကုန် မေ ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) မဘိမ်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဥက္ကဋ္ဌ ဦးခင်ဋွေးအပါအဝင် ပါတီဝင် ၁၃ ဦးတို့သည် ၎င်းတို့၏ ဆန္ဒအလျောက် မေ ၁ ရက်တွင် NLD ပါတီမှ နုတ်ထွက်ကြောင်း စုပေါင်းနုတ်ထွက်လွှာကို မေ ၄ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်သို့ လည်းကောင်း၊ သက်ဆိုင်ရာဒေသ အာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း ပေးပို့နုတ်ထွက်ခဲ့ကြသည်။

မဘိမ်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ နုတ်ထွက်လွှာပေးပို့သူ ၁၃ဦးတို့မှာ ဦးခင်ဋွေး (ဥက္ကဋ္ဌ မဘိမ်းမြို့)၊ ဦးပွဲမောင်(ဘဏ္ဍာရေးမှူး မဘိမ်းမြို့)၊ ဦးလှသော်(အဖွဲ့ဝင် မဘိမ်းမြို့)၊ ဦးသန်းဖေ(အဖွဲ့ဝင် မဘိမ်းမြို့)၊ ဒေါ်ငြိမ်းရင်(အဖွဲ့ဝင် မဘိမ်းမြို့)၊ ဦးမြမောင်(အဖွဲ့ဝင် မဘိမ်းမြို့)၊ ဦးဘထွန်း(အဖွဲ့ဝင် မဘိမ်းမြို့)၊ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❒

ယနေ့မိုးလေဝသ

(၇-၅-၂၀၀၆)

နေပြည်တော်မြို့တော်

နေပြည်တော် မြို့တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန် ရာနှုန်း ၄၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

အလဲထိုးပွဲများဖြင့် ပရိသတ်လက်ခုပ်သံညံ မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်ပွဲကျင်းပ

သတင်း-ဇင်လင်းထွန်း(ဓနုဖြူ)

ရန်ကုန် မေ ၆

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၊ မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် တတိယအကြိမ် မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ် ချန်ပီယံပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့ မွန်းလွဲ ၂နာရီတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပရာ ပွဲစဉ်တိုင်း အလဲထိုးပွဲများဖြင့် ပရိသတ် အားပေးလက်ခုပ်သံညံခဲ့သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ✳

၂၀၀၆ ခုနှစ် တတိယအကြိမ် မြန်မာ့ရိုးရာ လက်ဝှေ့ ရွှေခါးပတ် ချန်ပီယံပြိုင်ပွဲ ဝယ်လ်တာဝိတ်တန်း (၆၇) ကီလိုတန်းတွင် သူရရဲအောင် (မြန်မာပြည်သား) က ကောင်းစံ (ရွှေဒေါ်ပုံ) ၏ ဝမ်းဗိုက်သို့ ဒူးဖြင့် တိုက်လိုက်စဉ်။

ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)